မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၉၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် စစ်တွေလောကာနန္ဒာစေတီတော်ဖူးမြော်ကြည်ညို အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်း စစ်တွေမြို့၏ပတ်ဝန်းကျင်သဘာဝ သာယာလှပမှုရှုခင်းများ ရှုခင်းသာစခန်းမှကြည့်ရှု

ရန်ကုန် ဧပြီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဧပြီ ၁၃ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

အလှူငွေများပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက စစ်တွေမြို့ လောကာနန္ဒာစေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၆ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုစွမ်းအားဖြင့် ကြိုးပမ်း

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်စတင်ယူခဲ့သည့် အချိန်မှစ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဆိုသည့် ရည်မှန်းချက်ဖြင့် နိုင်ငံတော်ကို နေ့မအား ညမနား ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ကဏ္ဍအသီးသီး၌ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက် လျက်ရှိသည်ကို တွေ့မြင်နေရသည်။ မြို့ပြများသာမက ကျေးလက်ဒေသများပါ နေထိုင်မှုပုံသဏ္ဌာန် ပြောင်းလဲလာပြီး ပြည်သူတို့၏ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧပြီလ ၁၂ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် တီကျစ်ဒေသ၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားရာ၌–

"ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ထူထောင်ရာ၌ လျှပ်စစ်စွမ်းအားသည် မရှိမဖြစ် လိုအပ်လာကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ခေတ်မီလျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများကို စီမံချက်ချ၍ အကောင်အထည် ဖော်နေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ထူထောင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက် သွားကြရမှာ ဖြစ်ကြောင်း" ပြောကြားသွားသည်။

ရှမ်းပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောမူဝါဒနှင့် ဖြူစင်သည့်စေတနာ၊ အဆိုပါမူဝါဒနှင့် စေတနာအပေါ်တွင် တိုင်းရင်းသားပြည်သူအားလုံး နားလည်မှုရှိရှိ ပူးပေါင်းပါဝင် အကောင်အထည်ဖော်နိုင်မှုတို့ကြောင့်ပင် ဖြစ်သည်။

နိုင်ငံ၏ အကျယ်အဝန်း၊ ရေ၊ မြေ သယံဇာတနှင့် လူဦးရေအနေအထားအရ တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတော်နှင့်လက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ကြလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော် မလွဲဧကန်ပေါ်ထွန်းလာမည် ဖြစ်ပေသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် မြေသယံဇာတဖြစ်သည့် ကျောက်မီးသွေးကိုအသုံးပြု၍ ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းဓာတ်အားပေးစက်ရုံတွင် ၆၀မဂ္ဂါဝပ် ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက်နှစ်လုံးတပ်ဆင်ကာ စုစုပေါင်း လျှပ်စစ်ဓာတ်အား ၁၂၀မဂ္ဂါဝပ် ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

ယခုအခါ ခေတ်မီနိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံ တစ်ဝန်းလုံး ပြည့်စုံလုနီးပါး ခိုင်ခိုင်မာမာ ဝိုင်းဝန်းတည်ဆောက်နိုင်သည့်အတွက် နိုင်ငံတော်အတွင်းရှိ ပြည်သူများ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားနေကြရပြီ ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ရှိရှိ၊ နိုးနိုးကြားကြား ဦးထမ်းပဲ့ထမ်း ဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ် လာရေးအတွက် တက်ညီလက်ညီ လက်တွဲကြိုးပမ်းသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပထမအကြိမ် အရှေ့အာရှ ထိပ်သီးအစည်းအဝေး အာဆီယံအပြင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့တက်ရောက်မည်

စီဘူ(ဖိလစ်ပိုင်) ဧပြီ ၁၅

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဝင် ၁၀နိုင်ငံနှင့် တရုတ်၊ဂျပန်၊ တောင်ကိုရီးယားနိုင်ငံ တို့သည် ပထမအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေး(အီးအေအက်စ်)၌ ပါဝင်တက်ရောက်ကြသူများဖြစ်မည်ဟု လာအိုနိုင်ငံခြားရေးဝန်ကြီး ဆွမ်ဆာဗတ်လင်ဆာဗက်က အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးစီဘူ၌ ကျင်းပအပြီးတွင် တနင်္လာနေ့က ပြောကြားလိုက်သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ပထမအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမှု၊ အစည်းအဝေး ကျင်းပပုံတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး အာဆီယံသည် အီးအေအက်စ်၏ ထိန်းချုပ်ကွပ်ကဲရေးအင်အားနှင့် အခရာဖြစ်သည်ဆိုခြင်းကို သဘောတူညီမှုရရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။

ပြောကြား

ထိုသို့ဆိုသော်လည်း အာဆီယံ၏အပြည့်အဝဆွေးနွေးဖက်နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို လက်ခံရန် သဘောတူကာ အာဆီယံနှင့်ဆက်ဆံမှုရှိသောနိုင်ငံများအား အနာဂတ်အီးအေအက်စ်အစည်းအဝေးသို့ ဖိတ်ကြားရန် အာဆီယံသည် စဉ်းစားဖွယ်ရှိကြောင်း လင်ဆာဗက်က ပြောကြားသည်။

အဖွဲ့ဝင်သစ်များကို ထည့်သွင်းခြင်းနှင့်အတူ အီးအေအက်စ်အတွက် အာဆီယံသည် ဆက်လက်၍ ထိန်းချုပ်ကွပ်ကဲရေး အင်အားနေရာ၌ရှိမည်ဖြစ်ကြောင်း၊ သို့မှသာ စိတ်ဝင်စားမှုပြသော မည်သည့်နိုင်ငံကိုမဆို ကွာလာလမ်ပူ၌ ကျင်းပမည့် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်မည် ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီးကလည်း အာဆီယံသည် အနာဂတ်တွင် ကျင်းပမည့် အီးအေအက်စ်အစည်းအဝေးကို စီစဉ်ကျင်းပရာ၌ အာဆီယံသည် အဆုံးအဖြတ်ပေးနိုင်သောနေရာက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဧပြီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

	အမည်၊ရာထူး၊ဌာန	ခန့်ထားသည့်ရာထူး၊ဌာန
(က)	ဦးသိန်းဆွေ ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန
(ခ)	ဦးတင်ထွေး ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

(သတင်းစဉ်)

ဗီယက်နမ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်များတိုးမြှင့်ပြီး စီးပွားရေးလုပ်ငန်းကို မြှင့်တင်ပေးမည်

ဟနွိုင်း ဧပြီ ၁၅

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်များကို တိုးမြှင့်ပြီး ကုန်ပစ္စည်းဈေးကြီးမြင့်မှုကို ထိန်းချုပ်သွားမည်ဖြစ်ပြီး ထုတ်လုပ်မှု၊ စီးပွားရေးလုပ်ငန်းကို အဓိက မြှင့်တင်ပေးသွားမည်ဖြစ်သည်။

ဟိုချီမင်းမြို့တွင် ဝန်ကြီးဌာနများ၊ ဒေသကိုယ်စားလှယ်များနှင့် တနင်္လာနေ့က ပြုလုပ်သည့် အစည်းအဝေး၌ ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းအထူးသဖြင့် စက်မှုလုပ်ငန်းနယ်ပယ်တွင် တိုးတက်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က လမ်းညွှန်ချက်ပေးခဲ့ကြောင်း ပိုင်အိုးနီးယားသတင်းစာက အင်္ဂါနေ့၌ ရေးသားဖော်ပြသည်။

တိုးတက်စေသင့်

ပြည်တွင်းလုပ်ငန်းများသည် ၎င်းတို့၏ ထုတ်ကုန်များကို အရည်အသွေးတိုးတက်စေသင့်ပြီး ခေတ်မီတိုးတက်သော နည်းပညာ၊ အဆင့်မြင့်သောပစ္စည်းကိရိယာအပြင် ပြည်တွင်းဖြစ် ပစ္စည်းများကို ပိုသုံးစွဲခြင်းဖြင့် ထုတ်လုပ်မှုစရိတ်ကိုလျှော့သင့်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့ပြင် ဝန်ကြီးချုပ်က ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများအား ပို့ကုန်ဈေးကွက်တိုးချဲ့သွားရန် အလားအလာကောင်းသော ကုန်ပစ္စည်းများတင်ပို့မှုကို မြှင့်တင်ရန်လည်း တိုက်တွန်းပြောကြားသည်။

နှိုင်းယှဉ်

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ခုနှစ်၌ စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) တိုးတက်မှု ၈ ဒသမ ၅ ရာခိုင်နှုန်းရှိမည့် အခြေအနေရှိကြောင်း ၂၀၀၄ခုနှစ်က ၇ ဒသမ ၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျက် သိရှိရသည်။ ယခုနှစ်၏ ပထမသုံးလအတွင်း၌ ဂျီဒီပီတိုးတက်မှု ၇ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း တွေ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

* **ရှေ့ဖုံးမှ**

ဂါရဝပြုကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရခိုင်ရိုးရာစည်တော်အဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက စစ်တွေလေဆိပ်တွင် ရိုးရာအစဉ်အလာမပျက် နံ့သာရည်များဖြင့် အတာရေပက်ဖျန်း၍ ဂါရဝပြုကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်ရှိ ဇမ္ဗူလရိပ်သာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်မြတ်ပရိဝုဏ် အောင်စကြာမုနိသိမ်တော်ကြီးရှိ အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့သည် အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ပေးအပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့က အနုမောဒနာဂုဏ်ပြုလွှာနှင့် အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်တို့ကို ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်ရှိ ဇမ္ဗူလရိပ်သာသို့ရောက်ရှိ ရပ်နားကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဇဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ် အရှေ့မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပြီး ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ်းနားလမ်းထိန်းသိမ်းမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်လိုက်ပါလျက် ညနေပိုင်းတွင် စစ်တွေ ရှုခင်းသာသို့သွားရောက်ပြီး စစ်တွေမြို့၏ ပတ်ဝန်းကျင်သဘာဝသာယာလှပမှုရှုခင်းများကို စစ်တွေရှုခင်းသာစခန်းမှနေ၍ ကြည့်ရှုကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်သို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ အရှေ့မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူဖူးမြော်ကြည်ညို ကန်တော့ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုတို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ပေးအပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့က အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာနှင့် စေတီတော်ပုံတော်တို့ကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်လှည့်လည် ကြည်ညိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဗိုလ်ချုပ်သိန်းဆွေနှင့် ရခိုင်ပြည်နယ်တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေတို့သည် ဧပြီ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့သွားရောက်၍ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဦးကျော်ရင်နှင့် အလုပ်အမှုဆောင်များ၊ စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးထွန်းဝင်းနှင့် အလုပ်အမှုဆောင်များ၊ စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစောလှအောင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံကြသည်။

စာမျက်နှာ ၄ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ရခိုင်ပြည်နယ် စစ်တွေလေဆိပ်တွင် လူမှုရေးအသင်းအဖွဲ့များ၊ ရခိုင်ရိုးရာ စည်တော်အဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက နံ့သာရည်များဖြင့် အတာရေပက်ဖျန်း၍ ဂါရဝပြုကြိုဆိုကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ယင်းသို့တွေ့ဆုံကြရာတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင် က ရခိုင်ပြည်နယ်အတွင်း၌ အသင်းအဆင့်ဆင့်ဖွဲ့စည်းထားရှိမှု၊ အသင်းဝင်အင်အား၊ ပြည်နယ်အသင်းက နွေရာသီသင်တန်းများဖွင့်လှစ်သင်ကြားပို့ချပေးနေမှုအခြေအနေနှင့် အခြေခံဆင့်ပွားသင်တန်းများဖွင့်လှစ်ရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်သူ့အကျိုးပြု

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အသင်းကြီး၏ရည်ရွယ်ချက်များ၊ သင်းလုံးကျွတ်အစည်းအဝေးကြီးကချမှတ်လိုက်သည့် ရှေ့လုပ်ငန်းစဉ်များ ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူများ ယုံကြည်အားကိုးမှုရှိသည့်အသင်းကြီးဖြစ်အောင် ဆောင်ရွက်ရေး၊ ဒေသခံနယ်မြေလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စည်းရုံးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ပံ့ပိုးဆောင်ရွက်နေမှု

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေက ပြည်နယ်အသင်း၏ စီးပွားရေးလုပ်ငန်းအတွက် ပြည်နယ်အတွင်းရော်ဘာစိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးနှင့် ပြည်နယ်အသင်းအတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ပရိဝုဏ် အောင်စကြာမုနိသိမ်တော်ကြီးရှိ အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

မြန်မာ့နှစ်သစ်ကူး လက်ဆောင်မွန်

သူ့သက်သေချာ၊ မသတ်ရာ၊သတ်တာရှောင်ကြဉ်လော့၊
သူပိုင်ဥစ္စာ၊ မခိုးရာ၊ ခိုးတာရှောင်ကြဉ်လော့၊
သူများအိမ်ရာ၊ မကျူးရာ၊ ကျူးတာရှောင်ကြဉ်လော့၊
မဟုတ်မှန်တာ၊ မပြောရာ၊ လိမ်တာရှောင်ကြဉ်လော့၊
ချစ်ပျက်စေတာ၊ မပြောရာ၊ ကုန်းချောတာ ရှောင်ကြဉ်လော့၊
ရုန့်ရင်းကြမ်းစွာ၊ မပြောရာ၊ ရိုင်းတာ ရှောင်ကြဉ်လော့၊
သိမ်ဖျင်းဖွယ်သာ၊ မပြောရာ၊ ပြောတာရှောင်ကြဉ်လော့၊
သူတိုးတက်တာ၊ မဖျက်ရာ၊ ဖျက်တာရှောင်ကြဉ်လော့၊
ပူဆွေးမှုမှာ၊ မယူရာ၊ ယူတာရှောင်ကြဉ်လော့၊
အယူလွဲစွာ၊ မကျင့်ရာ၊ မှားတာရှောင်ကြဉ်လော့၊
သက်မွေးလွဲကာ၊ မရှာရာ၊ ရှာတာရှောင်ကြဉ်လော့၊
ဝန်တိုစိတ်မှာ၊ မထားရာ၊ ထားတာရှောင်ကြဉ်လော့၊
မူးယစ်မှန်စွာ၊ မသုံးရာ၊ သုံးတာရှောင်ကြဉ်လော့၊
မေတ္တာလွှမ်းကာ၊ အမြဲသာ၊ သတ္တဝါတိုင်းပေါ်ထားလေလော့၊
ဂရုဓမ္မ နိစ္စ၊ မြတ်သီလ၊ မြဲစွာစောင့်ထိန်းလော့။ ။

ဒေါက်တာသန်းဦး

မြန်မာ့ရုပ်မြင်သံကြား

(၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်)
(ဥပုသ်နေ့) (သင်္ကြန်အတက်နေ့)
၁၆–၄–၂၀၀၅ (စနေနေ့) နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်းတန်းသာသနာ့ပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ကြည်ညိုဖူးမြော်ဖွယ်ရာ မျက်နှာသစ်တော်မင်္ဂလာ
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ခါသင်္ကြန်အဆိုအကများ
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ ခါသင်္ကြန်အဆိုအကများ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
၁၁:၃၀ ၃။ ချစ်စရာ့တာသင်္ကြန်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၂၅ ၅။ မြတ်နိဗ္ဗာန်မှန်းရည်မျှော်ဓမ္မရံသီဗိမာန်အလှူတော်
၁၃:၃၅ ၆။ "လတန်ခူးပေးမို့" (ရုပ်မြင်သရုပ်ဆောင်များ)
၁၃:၅၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၀၅ ၈။ **"ကံ–ကံ၏အကျိုး"** (ကျော်သူ၊ ရီဝေယံ၊မေသဥ္ဇာဦး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ–မောင်နှင်းမိုး)
၁၄:၄၅ ၁၀။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ ခါသင်္ကြန်အဆိုအကများ
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇:၁၅ ၆။ အတီးပြိုင်ပွဲ
၁၇:၃၀ ၇။ ခါသင်္ကြန်အဆိုအကများ
၁၇:၄၅ ၈။ ချစ်စရာ့တာသင်္ကြန်
၁၈:၁၀ ၉။ တေးဂီတအစီအစဉ်
၁၈:၂၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ Discovery
၁၉:၁၀ ၁၄။ ခါသင်္ကြန်အဆိုအကများ
၁၉:၂၅ ၁၅။ စိုက်ပျိုးအောင်မြင်စပျစ်ပင် (အပိုင်း–၂)
၁၉:၄၀ ၁၆။ ခါသင်္ကြန်အဆိုအကများ
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **"ဓာတ်ခဲ" (အပိုင်း–၂) (ဖျိုက်၊ ဥက္ကာ၊ မိုးဒီ၊ ဆုပန်ထွာ၊ ခင်မို့မို့အေး) (ဒါရိုက်တာ–မောင်ဝဏ္ဏ)**
၂၁။ **မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၄–၂၀၀၅ (စနေနေ့)

၇:၀၀ အဖွင့်ယနေ့အစီအစဉ်
၇:၀၅ ခါသင်္ကြန်အဆိုအက
၇:၁၅ ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇:၂၅ ခါသင်္ကြန်အဆိုအက
၇:၃၅ နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၈:၁၅ ခါသင်္ကြန်အဆိုအက
၈:၂၀ ပြည်တွင်းသတင်း
၈:၂၅ တောင်ပေါ်ကျွဲ လက်တွန်းထွန်စက်
၈:၃၅ တေးဂီတအစီအစဉ်
၈:၄၀ မိုးလေဝသခန့်မှန်းချက်
၈:၄၅ ယွန်းထည်အတတ်ပညာ
၈:၅၀ နိုင်ငံတကာသတင်း
၈:၅၅ ခါသင်္ကြန်အဆိုအက
၉:၀၀ ဝါသနာရှင်စင်မြင့် (သင်္ကြန်အထူး)
၉:၃၅ ပြည်တွင်းသတင်း
၉:၄၀ ခါသင်္ကြန်အဆိုအက
၉:၄၅ ကြည်နူးရိပ်
၁၀:၂၀ ခါသင်္ကြန်အဆိုအက
၁၀:၂၅ လမူးတံတား
၁၀:၃၀ အချိန်တိုင်းနေရာတိုင်း
၁၀:၄၅ ခါသင်္ကြန်အဆိုအက
၁၀:၅၀ နိုင်ငံတကာသတင်း
၁၀:၅၅ ခါသင်္ကြန်အဆိုအက
၁၁:၀၀ အပိတ်

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးသွားမည်

ရန်ကုန် ဧပြီ ၁၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း(လေးထောင့်ကန်စခန်း)နှင့်(လှော်ကားစခန်း)တို့က ၂၀၀၅ ခုနှစ် ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)နေ့တွင် ပြည်သူများ ဇီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် ကမ္ဘာအေးကုန်းမြေမင်္ဂလာကန်တော်ကြီး၊ ရွှေပြည်သာမြို့နယ် သာဓုကန်ဘုရားနှင့် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား (သွေးဆေးကန်)တို့၌ ရွှေဝါ ငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီးလားပီးယား စသည့် ငါးသားပေါက်များကိုရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါငါးသားပေါက်များကို ကောင်ရေ ၁၀၀၀ နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း– ၇၀၈၅၁၉၊ ၆၃၅၁၉၆၊ ၆၃၅၇၂၇ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ညနေပိုင်းအထိ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဧပြီ ၁၅

၂၀၀၅ ခုနှစ် ဧပြီ ၁၅ ရက် မြန်မာစံတော်ချိန် ၁၆နာရီ ၄၉မိနစ် ၄၄စက္ကန့် အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်ဘက် ခုနစ်မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အား အနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့ ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်အကျနေ့ အေးချမ်းပျော်ရွှင်စွာရေပက်ကစားသူများဖြင့်စည်ကား

ရန်ကုန် ဧပြီ ၁၅

၁၃၆၆ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွဲလျက်ရှိကြရာ မဟာသင်္ကြန်အကျနေ့ဖြစ်သော ဧပြီ ၁၄ ရက်တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ သင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွဲကြသည်။ ထို့ပြင် မိဘဆွေမျိုး သက်ကြီးရွယ်အိုများနှင့် ဆရာသမားများအားလူ့ဒါန်းကန်တော့ခြင်း၊ သီလဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်းစသည့် ကုသိုလ်ကောင်းမှုများကိုလည်းပြုလုပ်ကြသည်။

သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ မိသားစုများ၊ အနုပညာရှင်များ၊ တေးသံရှင်များနှင့် ဧည့်သည်တော်များသည် မန္တလေးနန်းမြို့ ကျုံးတောင်ဘက် မင်္ဂလာလမ်းထိပ်ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မိသားစု ရေသဘင်မဏ္ဍပ်ဖြစ်သည့် နန်းမြို့သင်္ကြန်မဏ္ဍပ်၊ မန္တလေး မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အပါအဝင် သင်္ကြန်မဏ္ဍပ်များသို့ လှည့်လည်သွားရောက်၍ အဆို၊ အတီး၊ အလှ၊ အကများဖြင့် ပျော်ရွှင်စွာ ဆင်နွဲလျက်ရှိမှုများကို ကြည့်ရှုအားပေးပြီး မဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွဲကြသည်။

သီဆိုကပြ

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွဲကြသည့် ရေကစားမဏ္ဍပ်များမှ သင်္ကြန်သမီးပျို ယိမ်းအဖွဲ့များက ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ နိုင်ငံကျော် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနှင့်အတူ သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး တစ်နေကုန်ယဉ်ကျေးပျော်ရွှင်စွာ ရေပက်ကစားကြသည်။

အထူးစည်ကား

အထူးသဖြင့် နန်းမြို့ကျုံးပတ်လည်၌ ကမ္ဘာလှည့် ခရီးသည်များ အပါအဝင် သင်္ကြန်ချစ်သူပြည်သူများ အထူးစည်ကားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် တက်ရောက်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

၁၃၆၆–၆၇ ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီးရှိ မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်အားပေးဆင်နွှဲကြသည်။

အဆိုပါ ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမက်ဇ် ဦးဆောင်သော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏မိသားစုများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ မိသားစုများ တက်ရောက် ဆင်နွှဲကြသည်။

ကြိုဆို

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် နံနက် ၉ နာရီ မိနစ် ၂၀ တွင် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ရင်းရင်းနှီးနှီး လာရောက် နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ဧည့်ခံဖျော်ဖြေကြမည့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့် အေဝမ်းစိုးမြင့် တူရိယာအဖွဲ့မှ ဂီတပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဧည့်ခံဖျော်ဖြေ

ယင်းနောက် ဧည့်သည်တော်ကြီးများ၊ သံအမတ်ကြီးများနှင့် စစ်သံမှူးများအား အေဝမ်းစိုးမြင့် ခေတ်ပေါ်တူရိယာအဖွဲ့နှင့်တွဲဖက်၍ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန် တေးသံသာများနှင့် အကများဖြင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် မိသားစုများက တေးသံသာများနှင့် အကများဖြင့် လည်းကောင်း သီဆိုကပြ ဧည့်ခံဖျော်ဖြေကြသည်။

ဆက်လက်၍ ဧည့်သည်တော်ကြီးများ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ မိသားစုများသည် ကာကွယ်ရေးဝန်ကြီးဌာန မိသားစုများနှင့်အတူ အတာရေများ အပြန်အလှန်ပက်ဖျန်းကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ဆင်နွှဲကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ကူညီတီးခတ်ပေးသော အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတအဖွဲ့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ရာ တေးဂီတအဖွဲ့ခေါင်းဆောင် အေဝမ်းစိုးမြင့်က လက်ခံယူသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်ခံဖျော်ဖြေသီဆိုပေးကြသော ဂီတအနုပညာရှင်များအား လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဧည့်ခံဖျော်ဖြေ သီဆိုကပြကြသော ရုပ်ရှင် အနုပညာရှင်များအား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူအသီးသီးတို့က လက်ခံယူကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ပါဝင် ဆင်နွှဲကြသည့် ဧည့်သည်တော်ကြီးများ၊ စစ်သံမှူးများနှင့် မိသားစုများအား မြန်မာ့ရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံကြပြီး ကာကွယ်ရေးဝန်ကြီးဌာန မိသားစု၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် **ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ၁၃၆၆–၆၇ ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



ဒေသဖွံ့ဖြိုးတိုးတက်ရေး သာမန်ထက်ပိုသော တာဝန်သိစိတ်ဖြင့် ဆောင်ရွက် ကျေးရွာများ၌စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး ပူးပေါင်းအကောင်အထည်ဖော်

ရန်ကုန် ဧပြီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၃ ရက် နံနက် ၇ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လမ်းမတော်လမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ လားရှိုးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လားရှိုး ကိုယ်ပွားသတင်းစာတိုက်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံးတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ပြီး ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အစဉ်အလေးအနက်ထား၍ အောင်မြင်အောင် တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ကြရန်၊ ဝန်ထမ်းအများစုသည် ဒေသခံများဖြစ်ကြသည့်အားလျော်စွာ မိမိဇာတိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမန်ထက်ပိုမိုသော တာဝန်သိစိတ်ဖြင့် စေတနာထားဆောင်ရွက်ကြရန်၊ မိမိနယ်မြေဒေသအတွင်း ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် ပြည်သူများ၏ အသိဉာဏ်နှင့် ဗဟုသုတ ပိုမိုပွင့်လင်းတိုးတက်လာစေရေးအတွက် မီဒီယာလက်နက်ဖြင့် မိမိတို့လုပ်ငန်းတာဝန်များအလိုက် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းနေထိုင် လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

စည်းရုံးဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ နံရံကပ်စာစောင်နှင့် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** နံရံကပ်စာစောင်များတွင် ပြည်သူများသိသင့်သော ဗဟုသုတရဖွယ်များ၊ သတင်းအချက်အလက်များ ဝေဝေဆာဆာဖြင့် အမြဲတစေ လဲလှယ်ဆောင်ရွက်ရန်၊ စာကြည့်တိုက်ရှိ စာအုပ်များကို စနစ်တကျ ထိန်းသိမ်းရေးနှင့် စာဖတ်သူများ ပိုမိုတိုးပွားလာအောင် စည်းရုံးဆောင်ရွက်ရန်၊ သတင်းစာနှင့် စာအုပ်စာစောင်များ နယ်မြေဒေသအတွင်း နေရာအနှံ့သို့ ဖြန့်ဝေရာတွင် အမြန်ဆုံးရောက်ရှိနိုင်မည့်နည်းလမ်းများ စဉ်းစားရွေးချယ်၍ ညှိနှိုင်းဆောင်ရွက်ရန်၊ စာကြည့်တိုက် မဖွင့်လှစ်ရသေးသည့် ကျေးရွာများ၌ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲ၍ သက်ဆိုင်ရာများနှင့် ညှိနှိုင်းပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ ကျေးရွာများတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားဖမ်းစက်များ ပိုမိုပြန့်ပွားစေရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လားရှိုးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံးသို့ သွားရောက်စစ်ဆေးပြီး ရုပ်ရှင်ပြစက်နှင့် ဖလင်များ စနစ်တကျ သိမ်းဆည်းထားသိုရန်နှင့် ပုံမှန်ကြဲ့ခိုင်ရေးများ ပြုလုပ်ရန် မှာကြားသည်။

ကြပ်မတ်ဆောင်ရွက်

ထို့နောက် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။ ဝန်ကြီးက ထပ်ဆင့်လွှင့်စက်ရုံ၏ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့် ညှိနှိုင်းပြီး လုံခြုံရေးအပြည့်အဝရရှိရေး ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် စက်ရုံဝင်း အတွင်းအပြင် လောင်စာများ ရှင်းလင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းမှုများ စနစ်တကျရှိရေး ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ရန်၊ စက်ကိရိယာများ ကြံ့ခိုင်ရေး ပုံမှန်ဆောင်ရွက်ရန်နှင့် ထုတ်လွှင့်ချိန် အပြည့်အဝ ထုတ်လွှင့်နိုင်အောင် အစဉ်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် လားရှိုး ကိုယ်ပွားသတင်းစာတိုက်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး သတင်းစာများ အရည်အသွေးကောင်းမွန်အောင် ရိုက်နှိပ်ထုတ်ဝေရန်၊ စက်ပစ္စည်းများကို စနစ်တကျကိုင်တွယ်ဆောင်ရွက်ရန်နှင့် ပိုမိုနားလည်တတ်ကျွမ်းအောင် အစဉ်လေ့လာဆောင်ရွက်သွားရန်၊ စက်ရုံလုံခြုံရေး၊ မီးဘေးလုံခြုံရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းတို့ဆောင်ရွက်ရန်၊ သင်္ကြန်ကာလအတွင်း စက်တစ်လုံးစီ အလှည့်ကျကြံ့ခိုင်ရေး ပြုလုပ်ရာတွင် အသေးစိတ် စစ်ဆေးဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့် ၁၂ရာသီလုံးဓာတ်အားထုတ်လုပ်နိုင်ရန် လောင်စာမီးသွေး ပုံမှန်အရည်အသွေးမှန်ရနေမည်ဖြစ်

ရန်ကုန် ဧပြီ ၁၅

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ဒေသ၌ တည်ဆောက်ပြီးစီးသွားသည့် တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဧပြီ၁၂ရက် နံနက် ၉နာရီက အဆိုပါ စက်ရုံဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတက်ရောက်အားပေးချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တီကျစ်ဒေသမှထွက်ရှိသည့် ကျောက်မီးသွေးများကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ပေးနိုင်မှာဖြစ်ကြောင်း၊ မဂ္ဂါဝပ်၆၀စီ ထုတ်လုပ်နိုင်သည့် ရေနွေးငွေ့သုံး တာဘိုင်စက်ကြီးနှစ်လုံး တပ်ဆင်ထားခြင်းဖြစ်ကြောင်း၊ စက်ရုံက ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားပြီး နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်နေမှုကို အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြု ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း။

နေ့မအား ညမနားကြိုးပမ်း

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ကို စတင်ယူခဲ့ရစဉ်ကစ၍ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏မူဝါဒအဖြစ်ခံယူပြီး ဦးတည်ချက် ၁၂ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဆိုသည့် ရည်မှန်းချက်ဖြင့် နိုင်ငံတော်ကို နေ့မအားညမနား ကြိုးပမ်းတည်ဆောက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်ပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာတမံများ၊ ဆည်မြောင်းများကို လိုအပ်သည့်နေရာတိုင်း၌ အစုအဖွဲ့လိုက် တည်ဆောက်လျက်ရှိရာ ယခုအခါ ဆည်တမံပေါင်း ၁၇၂ခု တည်ဆောက်ပြီးစီးခဲ့ပြီး တည်ဆောက်ဆဲ ဆည်တမံစီမံကိန်းလုပ်ငန်း ၃၁ခုကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ စိုက်ပျိုးမြေအပိုင်းတွင် ၁၉၈၈ခုနှစ်က စိုက်ပျိုးမြေဧက ၂၄ဒသမ ၈သန်းရှိခဲ့ရာမှ ယခုအခါ ၂၆ဒသမ၆သန်းအထိ တိုးတက်လာခဲ့ပြီး စိုက်ပျိုးရေးစွမ်းအားလည်း သိသိသာသာ မြင့်မားလာခဲ့ကြောင်း၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် စက်မှုလယ်ယာစနစ်ကူးပြောင်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရှိပြီးသားစက်ရုံများကို

သို့သော်လည်း ရေအားလျှပ်စစ်စက်ရုံများ၏ သဘောသဘာဝသည်မိုးရာသီမှာသာ စက်စွမ်းအားပြည့်လည်ပတ်နိုင်ပြီး နွေရာသီတွင် စုဆောင်းသိုလှောင်ထားသည့် ရေပမာဏအပေါ်တည်မှီပြီး စက်များကို အလှည့်ကျ လည်ပတ်ရခြင်းဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး စွမ်းအားပြည့်လည်ပတ်ရန် အခွင့်အလမ်းနည်းပါကြောင်း၊ ယခု ကျောက်မီးသွေးစက်ရုံမှာမူ လောင်စာ မီးသွေးပုံမှန် အရည်အသွေးမှန် ရနေမှာဖြစ်သည့်အတွက် စက်ချို့ယွင်းမှုမှအပ ၁၂ရာသီလုံး ပုံမှန်ဓာတ်အားထုတ်လုပ်နိုင်သည့် အားသာချက်ရှိကြောင်း။

ထို့ကြောင့် တီကျစ်စက်ရုံ၌ အရေးကြီးသည်မှာ ကျောက်မီးသွေးကို အရည်အသွေးမှန်မှန်နှင့် အချိန်မှန်မှန် ထုတ်လုပ်ပြီး စက်ရုံကိုပေးပို့နိုင်ရန် လိုသကဲ့သို့ စက်ရုံ၌ စက်များကိုကိုင်တွယ်မောင်းနှင်နေသူများကလည်း စက်အစိတ်အပိုင်းများကို စနစ်ကျစွာ ထိန်းသိမ်းကိုင်တွယ်နိုင်ကြရန် လိုအပ်ကြောင်း၊ ဤအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် တာဝန်ကို စေတနာနှင့်ပေါင်းစပ်ပြီး ဂရုတစိုက်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထည်ထည်ဝါဝါရပ်တည်နေ

ယနေ့ဖွင့်လှစ်သည့် တီကျစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ် ပင်လောင်းဒေသ၌ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၌ အခြားတည်ဆောက်ပြီးစီးသည့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး အခြေခံစက်ရုံများကို ကြည့်မည်ဆိုလျှင် ဇော်ဂျီမြစ်နှင့်ဆက်နွှယ်သည့် ရေအားလျှပ်စစ်စက်ရုံများဖြစ်သော တပ်ကြီးစက်ရုံ၊ဇော်ဂျီ(၁)စက်ရုံ၊ ဇော်ဂျီ(၂)စက်ရုံတို့ကို တွေ့ရမှာဖြစ်ကြောင်း၊ အခြားရေအားလျှပ်စစ်စက်ရုံများဖြစ်သည့် နမ့်စောင်ငေါင်းစက်ရုံ၊ နမ့်မျှော်စက်ရုံ၊ နမ့်ဝုတ်စက်ရုံ၊ မယ်ပန်ချောင်းစက်ရုံ၊ နမ့်စောင်းချောင်းစက်ရုံစသည့် စက်ရုံအငယ်စားပေါင်း ၁၂ရုံခန့်ရှိကြောင်း၊ အဆိုပါစက်ရုံအများစုသည်



ဖွင့်ပွဲတက်ရောက်

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားအကြီးစား စက်ကိရိယာကော်ပိုရေးရှင်း (China National Heavy Machinery Corporation - CHMC)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို တင်ပြကြေညာသည်။

အောင်မြင်စွာတည်ဆောက်ပြီးစီး

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ လွန်ခဲ့သည့် သုံးနှစ်ကျော်လောက်ကစပြီး အားသွန်ခွန်စိုက် တည်ဆောက်လာခဲ့ကြသည့် ပင်လောင်းမြို့နယ် တီကျစ်ဒေသ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးသည် ယနေ့တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ လုပ်ငန်းပမာဏကြီးမားသည့် စက်ရုံကြီးတစ်ခုဖြစ်ပြီး

စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ စက်ရုံအသစ်များ တည်ဆောက်ရေးနှင့် ပုဂ္ဂလိကစက်မှုဇုန်များ တည်ထောင်ပေးရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ပုဂ္ဂလိကစက်မှုဇုန် ၁၉ဇုန်နှင့် ပုဂ္ဂလိက စက်ရုံပေါင်း ၄၂၇၀၇ရုံ၊ နိုင်ငံပိုင်စက်ရုံ ၈၃၃ရုံ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းပေါင်း ၈၅၀၀တို့ကို တည်ဆောက် ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ခြုံလိုက်လျှင် လွန်ခဲ့သည့်ဆယ်စုနှစ်ကာလမှစပြီး မိမိတို့နိုင်ငံသည် အစစအရာရာ အဘက်ဘက်၌ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိနေကြောင်း၊ မြို့ပြများသာမက ကျေးလက်ဒေသများပါ နေထိုင်သုံးစွဲမှုပုံသဏ္ဌာန် ပြောင်းလဲလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာလျက်ရှိကြောင်း။

ဤကဲ့သို့ အခြေအနေတွင် တိုင်းပြည်၏လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏသည်လည်း တစ်နှစ်ထက်တစ်နှစ် သိသာစွာ မြင့်မားလာနေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏မြင့်မားလာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြီးခဲ့သည့်ကာလအတွင်းက ဖွင့်လှစ်ခဲ့သည့် ရေအားလျှပ်စစ်စက်ရုံများဖြစ်သော စစ်ကိုင်းတိုင်းမှ သဖန်းဆိပ်စက်ရုံ၊ မကွေးတိုင်းမှ မုန်းချောင်းစက်ရုံနှင့် မန္တလေးတိုင်းမှ ပေါင်းလောင်းစက်ရုံများကို ကြည့်လျှင် သဖန်းဆိပ်စက်ရုံက မဂ္ဂါဝပ် ၃၀၊ မုန်းစက်ရုံက ၇၅ မဂ္ဂါဝပ်၊ ပေါင်းလောင်း စက်ရုံက မဂ္ဂါဝပ်၂၈၀ အသီးသီး ထုတ်လုပ်နိုင်အားရှိသည့်အတွက် လက်ရှိတီကျစ်စက်ရုံနှင့်ပါ ပေါင်းလိုက်လျှင် စက်ရုံသစ်များ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းသည် မဂ္ဂါဝပ် ၄၀၀ကျော် ရှိသွားပြီးဖြစ်ကြောင်း။

ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားသည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှာ လူသိများသည့် လောပိတရေအားလျှပ်စစ်စက်ရုံထက် ပိုမိုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်အားရှိသော နိုင်ငံတော်၏အကြီးစား ရေအားလျှပ်စစ်စက်ရုံကြီး ဖြစ်ကြောင်း၊ ဤတီကျစ်စက်ရုံထက် နှစ်ဆကျော် ဓာတ်အားထုတ်လုပ်နိုင်စွမ်းရှိကြောင်း။

မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်မှုမရှိဘဲ သက်ဆိုင်ရာဒေသသုံးအတွက်သာ တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်အကျုံးဝင်သည့် တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်းများဆိုလျှင် မဂ္ဂါဝပ်၄၀၀ထုတ်လုပ်နိုင်အားရှိသည့် ရွှေလီရေအားလျှပ်စစ် စီမံကိန်းကြီးနှင့် ၅၄မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းတို့ဖြစ်ကြောင်း၊ ဤစီမံကိန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် တိုက်တိုက်တွန်းတွန်း ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်နေကြောင်း။

တစ်ပြိုင်တည်းအကောင်အထည်ဖော်

အလားတူကြိုးပမ်းတည်ဆောက်နေဆဲ ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းများကို ကြည့်မည်ဆိုလျှင် မန္တလေးတိုင်း၌ ဒုဋ္ဌဝတီမြစ်ပေါ်တွင် တည်ဆောက်နေသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်ကြောင်း၊ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်အားရှိမှာဖြစ်သည့်အတွက် နိုင်ငံတော်၌ လက်ရှိအကြီးဆုံးရေအားလျှပ်စစ်စက်ရုံစီမံကိန်းဖြစ်ကြောင်း၊ ထို့အတူ ပဲခူးတိုင်း စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်တွင်လည်း ၇၅ မဂ္ဂါဝပ်အားရှိသည့် ရွှေကျင်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀အား ရှိသည့် ခပေါင်းစီမံကိန်း၊ မဂ္ဂါဝပ် ၄၀ အားရှိသည့် ဖြူးချောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀ အားရှိသည့် ကွန်းချောင်းစီမံကိန်း၊ ၂၅မဂ္ဂါဝပ်အားရှိသည့် ရဲနွယ်စီမံကိန်းတို့ကိုလည်း တစ်ပြိုင်တည်းအကောင်အထည်ဖော် တည်ဆောက်နေကြောင်း။

ဤစီမံကိန်းများသည် လာမည့်နှစ်များအတွင်း ရှေ့ဆင့်နောက်ဆင့်ဆိုသကဲ့သို့ ပြီးစီးတော့မှာဖြစ်သည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နိုင်နိုင်နင်းနင်း ဖြည့်ဆည်းပေးနိုင်တော့မှာဖြစ်ကြောင်း။

ဤကဲ့သို့ တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် လိုအပ်သည့် လျှပ်စစ်စွမ်းအား အခြေခံများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြပ်မတ်လမ်းညွှန်ပြီး တည်ဆောက်အကောင်အထည်ဖော်နေသကဲ့သို့

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး၊ ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်းမျှတစွာ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းလာအောင် ဒေသဆိုင်ရာဖွံ့ဖြိုးရေး စီမံကိန်းများဖြစ်သည့် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုဆိုင်ရာစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအထူးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်ငါးရပ်တို့ကို ချိတ်ဆက်ပြီး ကွက်ပြည့်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူများအကြားတွင်လည်း ဤဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စပ်လျဉ်းပြီး အသိများလာသကဲ့သို့ စီမံကိန်းများ၏ အကျိုးသက်ရောက်မှုကိုလည်းဒေသအလိုက် လက်တွေ့ခံစားနေကြပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်သည် တစ်ချိန်တစ်ခါက တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းမျိုးစုံတို့၏ ပယောဂအမျိုးမျိုးတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်နှင့် အလှမ်းဝေးခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဤအခြေအနေတွင် လုံခြုံမှုလည်းမရှိ၊ရှမ်းပြည်နယ်အတွင်း ဒေသတစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှုလည်း မကောင်းသည့်အတွက် ဒေသခံ တိုင်းရင်းသားအချင်းချင်းပင် လွယ်လွယ်ကူကူ သွားလာထိတွေ့ဆက်ဆံရန် ခက်ခဲခဲ့ကြောင်း။

အစီအရီပေါ်ထွက်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ရှမ်းပြည်နယ်၏ နိုင်ငံရေး ပထဝီအနေအထားအရ တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသတို့ကိုပါ နိုင်ငံတော်၏ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့သတ်မှတ်ပြီး ကျယ်ပြန့်လှသည့် ရှမ်းပြည်နယ်ကို ကွက်ပြည့်ဖွံ့ဖြိုးအောင် စီမံပေးခဲ့ကြောင်း၊ ယနေ့ဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ် အခြေခံရာ ပင်လုံဒေသကို ဖွံ့ဖြိုးရေးဒေသအဖြစ် တိုးချဲ့သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အခြေချ လုပ်ကိုင်ပေးနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးရေးဒေသလေးခုဖြင့် ဖွဲ့စည်းထားသည့် ရှမ်းပြည်နယ်သည် စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ၊လမ်းပန်းဆက်သွယ်ရေးအရ ဘက်စုံကဏ္ဍစုံမှ မြန်မြန်ဆန်ဆန် တိုးတက်ဖွံ့ဖြိုးနေပြီဖြစ်ကြောင်း၊ ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်နိုင်သည့် တက္ကသိုလ်၊ကောလိပ်များလည်း အစီအရီပေါ်ထွက်နေပြီဖြစ်ကြောင်း။

တစ်ဖက်မှလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ စာနာမှုတို့ကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ကျယ်ပြန့်စွာ တည်ဆောက်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအကြား လက်တွဲပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာလာကြောင်း၊ နယ်မြေဒေသအနှံ့ လုံခြုံမှု၊ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုရရှိလာကြောင်း။

အောင်ပန်း–ပင်လောင်း–လွိုင်ကော်ရထားလမ်း၊ရွှေညောင်–ရပ်စောက်ရထားလမ်း၊ရွှေညောင်–တောင်ကြီးရထားလမ်း၊တောင်ကြီး–ဘန်းယဉ်–ဆိုက်ခေါင်–ပြင်သာယာ–ပွန်ချောင်း အပိုင်း၊နမ့်စန်–မိုင်းစိတ်–ကောင်းစိုင်း အပိုင်းစသည့် ရထားလမ်းကြောင်းသစ်များ၊ ရပ်စောက်–ကျောက်ဂူ–နောင်ချိုလမ်း၊ ဟန်မြင့်မိုရ်–မြို့ကြီး–ရွာငံလမ်း၊ပင်လောင်း–ပျဉ်းမနားလမ်းစသည့် မော်တော်ကားလမ်းကြောင်းသစ်များ အသီးသီးထွက်ပေါ်လာခဲ့ပြီးဖြစ်ကြောင်း။

အဆင့်မြင့်မြင့်တည်ဆောက်ထား

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင်လည်း လမ်းဟောင်းများကို အဆင့်မြှင့်ထားသကဲ့သို့ ဟဲဟိုးလေဆိပ်၊ လားရှိုးလေဆိပ်၊ ကျိုင်းတုံလေဆိပ်၊ တာချီလိတ်လေဆိပ်၊ နမ့်စန်လေဆိပ်တို့သည်လည်း အဆင့်မြင့်မြင့် တည်ဆောက်ထားပြီး ဖြစ်ကြောင်း၊ ပြည်နယ်၏ မြို့တော် တောင်ကြီးနှင့်အတူ လားရှိုး၊ ကျိုင်းတုံ၊ ကလော၊ ညောင်ရွှေ၊ ရပ်စောက်၊ တာချီလိတ်၊မူဆယ်၊မိုင်းလား စသည့်မြို့များသည်လည်း ခေတ်စနစ်နှင့်အညီ အပြိုင်အဆိုင် ဖွံ့ဖြိုးသာယာစည်ကားလာနေသည်ကို မျက်မြင်ပင်ဖြစ်ကြောင်း၊ လားရှိုးမြို့သည် ကုန်စည်ရောင်းဝယ်မှုနှင့် ဖွံ့ဖြိုးတိုးတက် နေသကဲ့သို့ ကျိုင်းတုံမြို့သည်လည်း သံလွင်မြစ်၏ အရှေ့ဘက်ကမ်းမြို့တော် အဖြစ် အဆင့်အတန်းရှိရှိ တိုးတက်လာလျက်ရှိကြောင်း။

တိုတောင်းသည့် ဆယ်နှစ်ကျော်ကာလအတွင်းတွင် ယခုကဲ့သို့ ရှမ်းပြည်နယ်အနေဖြင့် မြင်သာထင်သာ တိုးတက်ဖွံ့ဖြိုးလာခြင်းမှာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်မူဝါဒနှင့် ဖြူစင်သည့်စေတနာ၊ ဤမူဝါဒနှင့် ဤစေတနာများ အပေါ်တွင် သက်ဆိုင်ရာ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ပြည်သူများက နားလည်မှုရှိရှိပူးပေါင်းပါဝင်အကောင်အထည်ဖော်နိုင်မှုတို့ကြောင့်ပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်အစိုးရ၊ နိုင်ငံ့ဝန်ထမ်းနှင့် ဒေသခံ တိုင်းရင်းသား ညီအစ်ကိုအားလုံးတက်ညီလက်ညီပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ကြ၍ဖြစ်ကြောင်း။

ဤနေရာတွင် **“မိမိနိုင်ငံ၏အကျယ်အဝန်း၊ သယံဇာတနှင့် လူဦးရေ အနေအထားအရ မိမိတို့တိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တွေကို ပြည့်စုံအောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်နိုင်ပါက မိမိတို့နိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတဲ့ ထိပ်တန်းနိုင်ငံ ဖြစ်လာနိုင်တယ်”၊ “နိုင်ငံတော်အစိုးရဟာ မိဘသဖွယ် မိမိရဲ့သွေးသားတွေဖြစ်တဲ့ တိုင်းရင်းသားများ ကောင်းစားရေး၊ ၎င်းတို့ရဲ့ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်”** ဆိုသည့် နိုင်ငံတော် အကြီးအကဲ၏ မိန့်ကြားချက်ကို အလေးအနက်နှလုံးသွင်းပြီး တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်အားထည့် အကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံများကို ပြည့်စုံလုနီးပါး ခိုင်ခိုင်မာမာ ဝိုင်းဝန်းတည်ဆောက်နိုင်သည့်အတွက်လည်း ယနေ့နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို စတင်ခံစားခွင့်ရနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ တိုင်းပြည်၏ အခြေခံကောင်း၊ အနေထားကောင်းများကို အခြေခံအားယူပြီး တိုင်းရင်းသားပြည်သူများ လိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချောမောစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် တိကျသည့် ရှေ့လုပ်ငန်းစဉ် အဆင့်ဆင့်ကို ချမှတ်ထားပြီး ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကိုလည်း တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်အစုံ၊ လူထုလူတန်းစားအလွှာစုံတို့ဖြင့် တက်တက်ကြွကြွ ညီညီညွတ်ညွတ် အောင်အောင်မြင်မြင် ကျင်းပလျက်ရှိနေကြောင်း၊ အမျိုးသားညီလာခံတွင် အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် လိုအပ်သည့်အခြေခံမူများကို ချမှတ်ရာတွင်လည်း အတော် ခရီးပေါက်နေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံအပါအဝင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို အမျိုးသားအင်အားစုများ၏ စည်းလုံးညီညွတ်သည့် စွမ်းအားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားကြရမှာ ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မျိုးချစ်စိတ်ဓာတ်ရှိရှိ၊ နိုးနိုးကြားကြား ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းအကောင်အထည်ဖော်သွားကြရန် အရေးကြီးကြောင်း။

နိဂုံးချုပ်အားဖြင့် တီကျစ်ဓာတ်အားပေးစက်ရုံအပါအဝင် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများမှ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ထုတ်လုပ်ဖြန့်ဖြူးပြီး ပြည်သူများအား လျှပ်စစ်အလင်းရောင်ပေးနိုင်အောင် ကြိုးပမ်းသကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် အမျိုးသားရေးအလင်းရောင်ကြီး အစဉ်ထွန်းပြောင်နေအောင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တာဝန်သိသိ၊ သစ္စာရှိရှိ ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကားပြောကြားရာ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် အတွင်း နှစ်စဉ်တိုးတက်သုံးစွဲနေသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရန် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ၊ ရေအားလျှပ်စစ်စက်ရုံများကို တိုးချဲ့တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိကြောင်း။

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုးတက်များပြားလာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် စက်ရုံ အလုပ်ရုံများတိုးချဲ့ထူထောင်လာခြင်း၊ အဆင့်မြင့်အိမ်ရာများတည်ဆောက်လာခြင်း၊စိုက်ပျိုးရေးအတွက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ အမြောက်အမြားဆောင်ရွက်ပေးခြင်း၊ ပြည်သူများလူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ ကျန်းမာရေး၊ ပညာရေးစသည့်ကဏ္ဍအသီးသီးတွင်လည်း ခေတ်မီနည်းပညာနှင့် စက်ကိရိယာများအသုံးပြုခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အဆမတန် တိုးတက်များပြားလာနေကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် တီကျစ်ဒေသမှ ထွက်ရှိသည့် ကျောက်မီးသွေးကို အကျိုးရှိစွာအသုံးပြုပြီး ဓာတ်အားမဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားစတင်ထုတ်လုပ်ဖြန့်ဖြူးစဉ်က ကျောက်မီးသွေးသုံးဓာတ်အားပေးစက်များဖြင့် စတင်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ရန်ကုန်မြို့၌ မဂ္ဂါဝပ် ၃၀ ကျောက်မီးသွေးလောင်စာသုံးအလုံးနှင့် ရွာမ ဓာတ်အားပေးစက်ရုံနှစ်ရုံဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ကြောင်း။

ခြောက်ဆကြီးမား

ထိုစဉ်က ဓာတ်အားပေးစက်ရုံများ၏ စက်တစ်လုံးချင်းစီသည် ၁၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်များသာဖြစ်ပြီး တီကျစ်ဓာတ်အားပေးစက်ရုံသည် စက်တစ်လုံးတွင် မဂ္ဂါဝပ် ၆၀ တပ်ဆင်ထားသည့်အတွက် ယခင်အသုံးပြုဖူးသောစက်ထက် ခြောက်ဆကြီးမားကြောင်း၊ ထို့ကြောင့် ကျောက်မီးသွေးလောင်စာ သယ်ပို့ခြင်း၊ ဘွိုင်လာအပူပေးခြင်း၊ ရေသန့်စင်ခြင်း၊ ဓာတ်အားပေးစက်ထိန်းချုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားကွပ်ကဲခြင်းစသည့် များပြားလှသော ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံထိန်းသိမ်းမောင်းနှင်ရေး လုပ်ငန်းအဆင့်ဆင့်ကို ပြည်တွင်းရော ပြည်ပမှာပါ သင်တန်းများဖွင့်လှစ်ပြီး လူသစ်များကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားကာ ဖွံ့ဖြိုးပြီးနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၌ လက်ရှိအသုံးပြုနေသည့် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို တပ်ဆင်အသုံးပြုထားသည့်အတွက် တီကျစ်ဓာတ်အားပေးစက်ရုံကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုများဖြစ်ပေါ်လာမည်မဟုတ်ကြောင်း၊ တီကျစ်ဓာတ်အားပေးစက်ရုံအတွက် နိုင်ငံတော်အစိုးရက နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း။

စက်စွမ်းအားပြည့်ဓာတ်အားထုတ်လုပ်

ယနေ့ဖွင့်လှစ်သည့် တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ မဂ္ဂါဝပ် ၆၀ ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက်နှစ်လုံး တပ်ဆင်ထားပြီး စုစုပေါင်းမဂ္ဂါဝပ်၁၂၀ ဓာတ်အား ထုတ်ပေးနိုင်မှာဖြစ်ကြောင်း၊ တာဘိုင်စက်နှစ်လုံးအနက် ပထမစက်တစ်လုံးကို ၂၀၀၄ ခုနှစ်အတွင်း တပ်ဆင်ပြီးစီးပြီးဖြစ်သည့်အတွက် ယခုအချိန်တွင် စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်ကာ မဟာဓာတ်အားလိုင်းကွန်ရက်နှင့်ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ဒုတိယ အမှတ်(၂)စက်မှာလည်း စက်အစိတ်အပိုင်းများအပြီးသတ် တပ်ဆင်ပြီးစီးပြီဖြစ်သည့်အတွက် လိုအပ်သောစက်တပ်ဆင်မှုနှင့် စမ်းသပ်မှုများဆက်လက်ပြုလုပ်ကာ ယခုဧပြီလနောက်ဆုံးပတ်အတွင်း ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးသွားမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကား ပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ဓာတ်အားပေးစက်ရုံသည် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကဲ့သို့ ဓာတ်အား ထုတ်လုပ်သည့် လုပ်ငန်းစဉ်လွယ်ကူရှင်းလင်းမှုမရှိဘဲ လုပ်ငန်းစဉ်များအထူးများပြားရှုပ်ထွေးကြောင်းကို လေ့လာတွေ့ရှိရကြောင်း။

မိမိအနေဖြင့် ဤစက်ရုံသို့ လာရောက်အားပေးတိုင်း မြန်မာ၊ တရုတ်ကျွမ်းကျင်သူပညာရှင်များ၊ ဝန်ထမ်းများ၊ လုပ်သားများသည် ကျရာတာဝန်များကို မညည်းမညူ ကြိုးစားဆောင်ရွက်ကြသည်ကို တွေ့ရှိရပါကြောင်း။

ခေတ်မီစွာဖြည့်စွက်တပ်ဆင်ထား

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သော်လည်း ဤစက်ရုံမှာမူ အမှုန့်ခါချစက်နှင့် မီးခိုး၌ပါလာသော ကန့်ဓာတ်ကို ဖယ်ထုတ်သည့်စနစ်ကို ခေတ်မီစွာဖြည့်စွက်တပ်ဆင်ထားသည့် အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်မှုပြုထားကြောင်း လေ့လာသိရှိရကြောင်း။

မိမိတို့ တိုင်းစစ်ဌာနချုပ်အတွင်း၌ မိုးဗြဲဓာတ်အားပေးစက်ရုံ၊ လောပိတဓာတ်အားပေးစက်ရုံ၊ ဇော်ဂျီဓာတ်အားပေးစက်ရုံစသည်ဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများရှိပြီးဖြစ်ရာ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို သုံးပုံတစ်ပုံခန့် ဖြည့်ဆည်းပေးနိုင်မှာဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ထို့ပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၃၀၀ ရရှိမည့် မြန်မာနိုင်ငံ၌ အကြီးမားဆုံး သံလွင်ရေအားလျှပ်စစ်စီမံကိန်းကို တာဆန်း၌ အကောင်အထည်ဖော်လျက်ရှိရာ ဤစီမံကိန်းပြီးစီးသွားပါက မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား အများဆုံးထုတ်ပေးနိုင်မှာဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ဓာတ်အားပေးစက်ရုံများ ပုံမှန်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၌သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်ထောင်စုသားအားလုံးတွင်လည်း တာဝန်ရှိသည့်အတွက် စက်ရုံများ အဆက်မပြတ်လည်ပတ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တီကျစ်ဒေသမှ တိုင်းရင်းသားပြည်သူတစ်ဦးဖြစ်သည့် ဦးခွန်တင်အောင်က တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံတည်ဆောက် ပြီးစီးဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

မရှိမဖြစ်လိုအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူများအား နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ထူထောင်ရာ၌ လျှပ်စစ် စွမ်းအားသည် မရှိမဖြစ်လိုအပ်လာကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ခေတ်မီလျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကို စီမံချက်ချ၍ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

မြို့ကြီးပြကြီးများ၊ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများအတွက်သာမက ကျေးလက်ဒေသများကိုပါတိုးချဲ့၍ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ကျေးလက်ဒေသသုံး တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်စက်ရုံငယ်များ၊ သဘာဝစွန့်ပစ်ပစ္စည်းသုံးလျှပ်စစ်စက်ရုံငယ်များကိုလည်း ဆက်လက်တိုးချဲ့ထူထောင်သွားကြရန် လိုအပ်ကြောင်း။

တိုင်းပြည်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရာ၌ လျှပ်စစ်စွမ်းအားအပြင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ကြောင်း။

ထို့ကြောင့် ပညာတတ် လူ့အရင်းအမြစ်များကို ဒေသအလိုက် လေ့ကျင့်မွေးထုတ်ပေးနိုင်အောင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသအသီးသီး၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း။

ထို့အတူ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်ရာ၌လည်း တိုင်းပြည်၌ ပညာအရည်အချင်း အဆင့်အတန်းရှိသော လူ့အရင်းအမြစ်များ ရှိနေရန် လိုအပ်ကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ထူထောင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တက်ညီလက်ညီ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့

ဧပြီလနောက်ဆုံးပတ်အတွင်း စက်စွမ်းအားပြည့်ထုတ်လုပ်သွားမည်

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံတွင် မဂ္ဂါဝပ် ၆၀ တာဘိုင်စက်နှစ်လုံးတပ်ဆင်ထားပြီး ပထမတစ်လုံးမှာ စက်စွမ်းအားပြည့် ထုတ်လုပ်နေသည်။ ဒုတိယတာဘိုင်စက်မှာ စက်အစိတ်အပိုင်းများ အပြီးသတ်တပ်ဆင်ပြီးဖြစ်၍ ယခု ဧပြီလ နောက်ဆုံးပတ်အတွင်း လျှပ်စစ်ဓာတ်အား စက်စွမ်းအားပြည့် ထုတ်လုပ်သွားမည်။

ရဲရဲဝံ့ဝံ့ ပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် တိုင်းရင်းသားပြည်သူများ၏အကျိုးကိုရှေးရှု

SSNAတပ်မဟာ(၁၁)တပ်မဟာမှူး ဦးကန်နနှင့် ညီအစ်ကိုများ လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံ

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်

ရန်ကုန် ဧပြီ ၁၅

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်နဦးစီးတပ်မဟာ (၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်သည့် အခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ၈နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ဆယ်အူကျေးရွာ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး သိန်းနီမြို့နယ်မှ ရှမ်းတိုင်းရင်းသူ နန်းတင်တင်ဝင်းနှင့် နန်းအေးအေးအောင်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူအင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။ ထို့ပြင် ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ (၁၁)မှ တပ်မဟာမှူး ဦးကန်န၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်မဟာ (၁၁) လက်အောက်ခံ တပ်ရင်းအမှတ် (၁၉)တပ်ရင်းမှူး ဦးစိုင်းဖုန်း၊ အမှတ် (၂၅)တပ်ရင်းမှူး ဦးခမ်းမွန်၊ အမှတ် (၂၇) တပ်ရင်းမှူး ဦးပွမ်ဝမ်းအပါအဝင် တပ်ဖွဲ့ဝင်စုစုပေါင်း ၁၇၆ဦးလည်း တက်ရောက်ကြသည်။

တက်ရောက်

အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁) ကိုးကန့်အဖွဲ့မှ ဦးကျန်တဲဝမ်နှင့်အဖွဲ့၊ အထူးဒေသ (၃) အက်စ်အက်စ်အေအဖွဲ့မှ ဦးလွယ်မောင်းနှင့်အဖွဲ့၊ အထူးဒေသ (၅)ကေဒီအေအဖွဲ့မှ ဦးဇော်ယော်နှင့်အဖွဲ့၊ အထူးဒေသ (၇)ပီအက်စ်အယ်အေအဖွဲ့မှ ဦးအိုက်မုန်းနှင့်အဖွဲ့၊ ကချင်အထူးဒေသ(၂) ကေအိုင်အေအဖွဲ့မှ ဦးဇော်ဂွန်းနှင့်အဖွဲ့တို့လည်း တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ (၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနား စတင်ကြောင်း ကြေညာသည်။

အရေးပါသည့်အခမ်းအနား

ထို့နောက် အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကား ပြောကြားရာတွင် ယနေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)သိန်းနီမြို့နယ် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဆယ်အူကျေးရွာ အခြေပြု SSNA တပ်မဟာ(၁၁)ဦးကန်န ဦးဆောင်သောအဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စု တိုင်းရင်းဖွား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာ ချမ်းသာကြပါစေကြောင်း ပဏာမနှုတ်ခွန်းဆက်အပ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် မိမိတို့ သိန်းနီမြို့နယ် အတွက်သာမက ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခွင်လုံးအတွက်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက်လည်းကောင်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန် အင်မတန်မှ အရေးပါသည့် အခမ်းအနားတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ သိန်းနီမြို့နယ်အပါအဝင် ရှမ်းပြည်နယ် တစ်ခုလုံးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအားဖြင့် မရှိ

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်နဦးစီး တပ်မဟာ (၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များ၊ စေတနာများအပေါ် သံသယမရှိ အကြွင်းမဲ့ယုံကြည်လာ

မည်သူ့တိုက်တွန်းချက်မှမပါဘဲ နှစ်ပေါင်းများစွာ ကိုင်စွဲခဲ့သည့်လက်နက်များ အပြီးအပိုင်အစိုးရထံအပ်နှံ

ဥပဒေဘောင်အတွင်းဝင်ထားသည့် ညီအစ်ကိုအဖွဲ့အစည်းများ လမ်းကြောင်းမှန်ပေါ်ရောက်ရှိပြီး သံသယစိတ်များပယ်ဖျောက်

ရှမ်း ပြည် အမျိုးသား တပ်မတော် (SSNA) တပ်မဟာ (၁၁) တပ် မ ဟာ မှူး ဦးကန်နက ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် လဲလှယ်ရသည့် အ ကြောင်း ကို ရှင်းလင်း ပြော ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၅

၂၀၀၅ ခုနှစ် ဧပြီ ၁၂ ရက်က ကျင်းပသော ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် SSNAတပ်မဟာ(၁၁) ဦးကန်နအဖွဲ့မှ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် ဦးကန်န ပြောကြားသည့် "ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ရသည့်အကြောင်း" ရှင်းလင်းချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အားလုံးမင်္ဂလာပါ–

ယနေ့ကျင်းပတဲ့ ကျွန်တော်တို့ (SSNA)တပ်မဟာ(၁၁)ရဲ့ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ နယ်မြေခံ ပြည်သူလူထုအပေါင်းခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ (၁၁) တပ်မဟာမှူး ဦးကန်န ဖြစ်ပါတယ်။ ကျွန်တော်ဟာ နမ့်ခမ်းမှာ မွေးဖွားခဲ့တဲ့ ဒေသခံ ရှမ်းတိုင်းရင်းသားဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်ကစပြီး ကျွန်တော်တို့ အတွေးအခေါ် ကျဉ်းမြောင်းစွာနဲ့ လက်နက်ကိုင်လမ်းစဉ်ကို စွဲကိုင်ပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။

နိုင်ငံတော်အစိုးရကိုဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ကာလတစ်လျှောက် နှစ်ပေါင်း ၂၉နှစ်ကြာ ကာလမှ ကျွန်တော်တို့ လူမျိုးတွေရဲ့အပေါ် နှိပ်စက်ရာကျခဲ့ရုံသာမကဘဲ ဖွံ့ဖြိုးတိုးတက်မှုလဲ နှောင့်နှေးစေခဲ့ပါတယ်။ ကျွန်တော်ရဲ့ မွေးဖွားရာ ဒီနယ်မြေဟာ တိုက်ပွဲတွေမကြာခဏဖြစ်ပြီး ပြည်သူတွေ ထိခိုက်နစ်နာ အတိဒုက္ခရောက်

စာမျက်နှာ ၁၄ ကော်လံ ၁

၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီး တပ်မဟာ (၁၁)က ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အစိုးရအပေါ် သံသယစိတ်များကင်းစင်လာ

ဒီနယ်မြေရဲ့ တည်ငြိမ်အေးချမ်းမှု၊ ဒီနယ်မြေရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီနယ်မြေမှာရှိတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ဟာ ဒီနယ်မြေမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီတာဝန်ကို မထမ်းဆောင်နိုင်သရွေ့ ကျွန်တော်ဟာ ဘဝတစ်လျှောက်လုံး စိတ်အေးချမ်းနိုင်မှာ မဟုတ်တော့ဘူးလို့ ခံစားမိပြီး၊ အခုလို တစ်ချိန်က မှားယွင်းစွာ ထားခဲ့တဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်၊ နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေ ကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မှမပါဘဲ နှစ်ပေါင်းများစွာ ကိုင်စွဲလာတဲ့ လက်နက်တွေကို အပြီးအပိုင် နိုင်ငံတော်အစိုးရကို အပ်နှံခြင်းဖြစ်ပါတယ်။

မဖြစ် လိုအပ်ချက်သည် နယ်မြေအေးချမ်းသာယာရေးနှင့် ဒေသနေပြည်သူများ ဥပဒေဘောင်အတွင်း၌ တည်ငြိမ် အေးချမ်းသာယာစွာဖြင့် နေထိုင်သွားလာ လုပ်ကိုင်စားသောက်နိုင်ရန်ပင် ဖြစ်ကြောင်း၊ မိမိတို့ပြည်ထောင်စု နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့တစ်တွေ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ရှိရန်မှာ မဖြစ်မနေလိုအပ်သည့် အချက်ဖြစ်သကဲ့သို့ မိမိတို့တစ်တွေ ဘယ်လိုမှ ခွဲခြား၍မရနိုင်သည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသားညီအစ်ကိုများ၏ သွေးစည်းညီညွတ်မှုသည်လည်း ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ရန် အင်မတန်မှ လိုအပ်သည့် အချက်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အချိန်ကာလမျိုးတွင် SSNA တပ်မဟာ(၁၁)တပ်မဟာမှူး ဦးကန်နနှင့် ညီအစ်ကိုများသည် ပြည်ထောင်စုနိုင်ငံတော်ကြီးအတွက် မီးရှူးတန်ဆောင်ပမာ ယခုလိုဒေသနေ တိုင်းရင်းသားပြည်သူများ၏ အကျိုးကိုရှေးရှုပြီးတော့ ပြတ်သားခိုင်မာသည့် ဆုံးဖြတ်ချက်နှင့် ပြည်သူတွေနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်သွားကြရန်အတွက် သံသယစိတ်တွေနှင့် စွဲကိုင်ထားသည့် လက်နက်များကို အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ်ဆောင်ရွက်လာခြင်းအပေါ် နိုင်ငံတော်ကိုယ်စားလည်းကောင်း၊ တိုင်းမှူးတစ်ယောက်အနေဖြင့်လည်းကောင်း အထူးပင်ဝမ်းမြောက်ဂုဏ်ယူကြိုဆိုပါကြောင်း၊ ယခုလို ရဲရဲဝံ့ဝံ့ ပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ဒေသခံ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကိုရှေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဆောင်ရွက်ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလား တောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို မလွဲဧကန်ဖော်ဆောင်နိုင်မှာဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးကိုလည်း လျင်မြန်စွာ အထောက်အကူပြု အကျိုးဖြစ်ထွန်းစေနိုင်မည် ဖြစ်ကြောင်းကို အလေးအနက် ပြောကြားလိုပါကြောင်း၊ ဦးကန်နနှင့်အတူတစ်ကွ စိတ်တူကိုယ်တူညီညွတ်စွာဖြင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလာကြသော ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်ရင်းမှူး ဦးပွမ်ဝမ်း၊ တပ်ရင်းမှူး ဦးခမ်းမွန်၊ တပ်ရင်းမှူးဦးစိုင်းဖုန်းတို့ အပါအဝင် SSNA တပ်မဟာ(၁၁) ညီအစ်ကိုအားလုံးကိုလည်း ညမှောင်မှောင် လရောင်မလင်းတလက်ကြားက လမ်းစပျောက်တော့မည့်ဆဲဆဲ ညီငယ်တွေအပေါ် လမ်းကြောင်းမှန်တစ်ခုတည်းအပေါ် တစုတစည်းတည်း ရောက်ရှိလာအောင် ညီညီညွတ်ညွတ် စည်းရုံးလုပ်ဆောင်ပေးနိုင်ခဲ့ကြသည့်အတွက် မိုးကောင်းကင်မှာ လပြည့်နေ့ည လဝန်းကြီးနှင့်အတူ ထူးထူးခြားခြား လင်းလက်တောက်ပနေသည့် ဦးဆောင်လမ်းပြ ရုပ်ကြွယ်ပမာ တင်စားဂုဏ်ပြုလိုပါကြောင်း၊ သိန်းနီမြို့နယ်၌ နေထိုင်နေကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အေးမြသည့် လပြည့်ည လဝန်းကြီး၏ မေတ္တာကိုလည်း ဦးကန်နတို့ တပ်ဖွဲ့ဝင်တွေအားလုံး ချက်ချင်းလက်ငင်း ရရှိခံစားနေကြ ရပြီဖြစ်ကြောင်းကိုလည်း ပြည်သူများနှင့် ထပ်တူရင်တွင်းက စေတနာအမှန်နှင့် ပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ ဦးကန်နတို့ တပ်မဟာ(၁၁)၏ ထူးခြားလေးနက်စွာ မှန်ကန်သည့် ဆုံးဖြတ်လုပ်ဆောင်ချက်များအပေါ် ဂုဏ်ပြုသောအားဖြင့် မိမိအနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ညီအစ်ကိုများ၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်အပိုင်းကလည်း ဒေသပြည်သူများ၏ လိုအပ်ချက်များကို အထူးတလည် ဖြည့်ဆည်းဆောင်ရွက် ပေးသွားနိုင်ရန်အတွက် စဉ်ဆက်မပြတ် တင်ပြ အကောင်အထည်ဖော် တောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ကတိပြုပြောကြားလိုပါကြောင်း၊ နိဂုံးချုပ်အားဖြင့် တက်ရောက်လာကြသည့် တိုင်းရင်းသား ညီအစ်ကိုများအားလုံး အနေနှင့် ဦးကန်နနှင့် တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များကို နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ လှိုက်လှိုက်လှဲလှဲကြိုဆို ဂုဏ်ပြုကြရင်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးတို့၏ ကြီးမားလှစွာသော မေတ္တာ၊ စေတနာကို အလေးအနက်ခံယူကြပြီး နိုင်ငံတော်အကြီးအကဲ၏ မကြာခဏ မိန့်မှာ၊ မိန့်ကြားလမ်းညွှန်ထားရှိသည့် "ပြည်ထောင်စုကြီး မပြိုကွဲရေး"၊ "တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး"၊ "အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တို့အတွက် တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အခမ်းအနား အစီအစဉ်အရ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၁)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံ လက်နက်များကို အပြီးအပိုင် အပ်နှံကြပြီး ငြိမ်းချမ်းရေးနှင့်လက်နက် လဲလှယ်ကြသည်။

ရှေးဦးစွာ SSNA တပ်မဟာမှူး ဦးကန်နက ၎င်းကိုင်ဆောင်သော လက်နက်ကို ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံ အပ်နှံသည်။ ထို့နောက် ဒုတိယတပ်မဟာမှူး ဦးအိန္ဒာနှင့် တပ်ရင်းမှူးဦးပွမ်ဝမ်း၊ တပ်ရင်းမှူး ဦးခမ်းမွန်၊ တပ်ရင်းမှူး ဦးစိုင်းဖုန်းတို့ကလည်း ၎င်းတို့ ကိုင်ဆောင်သော လက်နက်များကို ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံ အသီးသီး အပ်နှံကြသည်။ SSNA တပ်မဟာ (၁၁)နှင့် လက်အောက်ခံ တပ်ရင်းများက အပ်နှံသော လက်နက်များမှာ ၆၀မမ စိန်ပြောင်း ၄လက်၊ စက်လတ်မျိုးစုံ ၉လက်၊ ဒုံးပစ်လောင်ချာမျိုးစုံ ၅လက်နှင့် ကျန်လက်နက်ငယ် မျိုးစုံ ၁၁၆လက်၊ လက်နက်ငယ် ကျည်မျိုးစုံ ၉၃၃၂ တောင့်၊ ဗုံးသီးမျိုးစုံ ၁၅၈ လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၂၈လုံး၊ မိုင်းမျိုးစုံ ၆၄လုံး၊ TNT ယမ်းတောင့် ၁၄၁ တောင့်၊ ကျည်ကတ်မျိုးစုံ ၁၉၄ခု၊ စက်လတ်ကျည်ခါးပတ်တွဲ ၂၂ခုနှင့် အိုင်ကွန်စကားပြောစက် ၁၈လုံးတို့ ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) ဦးကန်နဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တာဝန်ရှိသူများ SSNA တပ်မဟာ(၁၁) အဖွဲ့မှ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ရာတွင် အပ်နှံခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာကောင်းနှင့် လုပ်ဆောင်ချက်များအပေါ် နားလည်သဘောပေါက် အပြီးအပိုင်လက်နက်စွန့်လွှတ်ခြင်းသည် ထာဝရ ငြိမ်းချမ်းရေးအတွက် မှန်ကန်သော လုပ်ဆောင်ချက်ဖြစ် ထာဝရငြိမ်းချမ်းရေး ရရှိမှသာ နိုင်ငံတော်နှင့်ဒေသအကျိုး ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မည်

ရန်ကုန် ဧပြီ ၁၅

၂၀၀၅ ခုနှစ် ဧပြီ ၁၂ ရက်က ကျင်းပသော ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် SSNA တပ်မဟာ(၁၁) ဦးကန်နအဖွဲ့မှ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့်အခမ်းအနားတွင် ပြောကြားသည့် SSNA တပ်မဟာ(၁၁) တပ်ရင်း(၂၇)မှ တပ်ရင်းမှူး ဦးပွမ်ဝမ်းပြောကြားသည့် ကျေးဇူးတင်စကား အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ဂုဏ်ပြုပွဲ အခမ်းအနားကို တက်ရောက်လာကြသော နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် နိုင်ငံတော်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ အရာရှိကြီးများ၊ ဒေသခံ တိုင်းရင်းသား လူမျိုးများခင်ဗျား-

ကျွန်တော်ကတော့ ရှမ်းပြည် အမျိုးသားတပ်မတော်တပ်မဟာ(၁၁)၊ တပ်ရင်း(၂၇)မှ တပ်ရင်းမှူး ပွမ်ဝမ်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင် ဦးကန်န အနေဖြင့်ရော ကျွန်တော်တို့ တစ်ဖွဲ့လုံးအနေဖြင့်ရော နိုင်ငံတော်အစိုးရရဲ့ စေတနာနှင့် လုပ်ဆောင်မှုများအပေါ် လေးနက် ခိုင်မာစွာယုံကြည်ပြီး ထာဝရ ငြိမ်းချမ်းရေးအတွက် အပြီးအပိုင် လက်နက်စွန့်လွှတ်ခြင်းဟာ မှန်ကန်တဲ့ လုပ်ဆောင်ချက် ဖြစ်ပါတယ်။ ထာဝရ ငြိမ်းချမ်းမှု ရရှိမှသာ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှာဖြစ်ပြီး ပြည်သူလူထုဟာလဲ စိတ်အေးချမ်းသာယာစွာနဲ့ နေထိုင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူလူထုစိတ်ပူပန်သောကဖြစ်စေမယ့်အခြေအနေမျိုးကို လုပ်ကိုင်လိုစိတ် မရှိကြတော့ပါဘူး၊ ဒါ့အပြင် နိုင်ငံတော်ရဲ့ စိတ်ရင်းကောင်း၊ စေတနာကောင်းတွေနဲ့ လုပ်ဆောင်ချက်များအပေါ် နားလည်သဘောပေါက်လာခဲ့တာကြောင့်လဲ ဒီကနေ့ လက်နက်များအပြီးအပိုင် အပ်နှံစွန့်လွှတ်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ရခြင်း ဖြစ်ပါတယ်။

တိုင်းရင်းသား ညီအစ်ကိုများခင်ဗျား-

ကျွန်တော်တို့အနေနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့စဉ်က ယုံကြည်မှု တည်ဆောက်ဆဲကာလ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ ကျွန်တော်တို့တွေဟာ ခေါင်းဆောင်ဦးကန်နနဲ့အတူ တစည်းတလုံးတည်း လက်နက်ကို အပြီးအပိုင် စွန့်လွှတ်မှာဖြစ်လို့ ပြည်သူလူထုအားလုံးတောင့်တနေတဲ့ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင် ဦးကန်န တင်ပြသွားခဲ့သလို ဒီလက်နက်တွေ စွဲကိုင်ခြင်းအားဖြင့် ပြည်သူရဲ့အကျိုးကို အမှန်တကယ် သယ်ပိုးနိုင်တာ မဟုတ်ဘဲ ဒီလက်နက်တွေနဲ့ ပြည်သူကို စိုးရွံ့ကြောက်လန့်စိတ်တွေ ဖြစ်ပေါ်စေပြီး ပြည်သူတွေထဲက ကောက်ခံရရှိတဲ့ ဆက်ကြေး၊ အခွန်အခတွေနဲ့ ကျွန်တော်တို့ ရပ်တည်နေကြတာကြောင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဒုက္ခတွေပဲ ဖြစ်စေနေတာကို စာနာ နားလည်မိပါတယ်။ ကျွန်တော်တို့ ယခုလို လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံတာကို တိုင်းရင်းသား ညီအစ်ကိုတွေအားလုံး ဝမ်းမြောက် ဝမ်းသာ ကြိုဆိုနေကြတာကို တွေ့မြင် ခံစားရတဲ့အတွက်

ရှမ်း ပြည် အမျိုးသား တပ်မ တော် (SSNA) တပ် မ ဟာ(၁၁) တပ် ရင်း (၂၇)မှ တပ်ရင်းမှူး ဦးပွမ်ဝမ်းက ကျေးဇူး တင်စကားပြောကြားစဉ်။ (သတင်းစဉ်)

ကျွန်တော့်ဘဝမှာ ထူးကဲတဲ့ စိတ်ချမ်းသာမှုကို ရရှိ ခံစားမိကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့အားလုံး ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ယခင်က မှားယွင်းခဲ့တဲ့ လုပ်ရပ်တွေကို နောင်ဘယ်တော့မှ ထပ်မံမဖြစ်အောင် နေထိုင်သွားမယ့်အကြောင်း ကတိပြုပြောကြားလိုပါတယ်။ ယနေ့အချိန်အခါဟာ စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်အတွက် နိုင်ငံသားအားလုံးက လိုလားတောင့်တနေတဲ့ အချိန်အခါ ဖြစ်ပါတယ်။

ဦးကန်နခေါင်းဆောင်တဲ့ ကျွန်တော်တို့အနေနဲ့ ယခုလို ဦးဦးဖျားဖျား လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်နိုင်ခြင်းအတွက် ဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်၊ ကျွန်တော့်အနေနဲ့ ကျန်ရစ်ခဲ့တဲ့ ရဲဘော်ရဲဖက်များနဲ့ အခြားသော တိုင်းရင်းသားလက်နက်ကိုင်ညီအစ်ကိုများအားလုံးကို ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ကြဖို့လှိုက်လှဲစွာဖိတ်ခေါ်ရင်းနဲ့ ပြည်သူလူထုရဲ့ ရင်တွင်းခံစားချက် ဆန္ဒအမှန်ကို ဖြည့်ဆည်းပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

မှန်ကန်သောလုပ်ဆောင်ချက်ဖြစ်

နိုင်ငံတော်အစိုးရရဲ့ စေတနာနှင့် လုပ်ဆောင်မှုများအပေါ် လေးနက်ခိုင်မာစွာ ယုံကြည်ပြီး ထာဝရငြိမ်းချမ်းရေးအတွက် အပြီးအပိုင် လက်နက်စွန့်လွှတ်ခြင်းဟာ မှန်ကန်တဲ့ လုပ်ဆောင်ချက် ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းမှုရရှိမှသာ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှာဖြစ်ပြီး၊ ပြည်သူလူထုဟာ လည်း စိတ်အေးချမ်းသာယာစွာနဲ့ နေထိုင်နိုင်မှာ ဖြစ်ပါတယ်။

16-4 (09).p65 2 3/24/05, 10:09 PM

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ယင်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ယင်းတို့၏ဇနီးများ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် မိသားစုများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်တို့သို့ သွားရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်၊ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်ဇနီး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ သံရုံးမိသားစုများသည် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် အတာရေများပက်ဖျန်းကြကာ ပါဝင်ဆင်နွှဲကြသည်။

ထိုမှ တစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ၂၀၀၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ကချင်ပြည်နယ် ဆဒုံး၊ ကန်ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသား တိုင်းရင်းသူများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်၊ လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း လေရှီး၊ ပန်ဆပ်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဝိန်းကောင်ဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မန်တုံဒေသမှ ပလောင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန် တိုင်းရင်းသား တိုင်းရင်းသူများပါဝင်သည့် နယ်စပ်ဒေသ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ပူတာအို၊ ဒေါ့ဖုန်းယန်၊ ဒွန်ဘန်ဒေသနှင့် စစ်ကိုင်းတိုင်း လေရှီး၊ လဟယ်၊ နန်းယွန်းဒေသများရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ သင်တန်းသူများက ကြိုဆိုကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ သံတမန်များနှင့် စစ်သံမှူးမိသားစုများက ရင်းရင်း နှီးနှီး ပြန်လည်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမိသားစု မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသူလေးများ၏ မဟာသင်္ကြန်အကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မင်္ဂလာရှိစွာဆင်နွှဲ မဟာသင်္ကြန်ပွဲ

မြန်မာတို့သည် ဓလေ့ထုံးတမ်းများအရ နွေ၊ မိုး၊ ဆောင်း သုံးဥတုကို ၁၂လရာသီ ပိုင်းခြားသတ်မှတ်ပြီး လယ်ယာစိုက်ပျိုး ဖြစ်ထွန်းမှုကို လိုက်၍လည်းကောင်း၊ ရေမြေသဘာဝ အနေအထားကိုလိုက်၍လည်းကောင်း ၁၂လရာသီအလိုက် ပွဲလမ်းသဘင်များကို ကျင်းပဆင်ယင် ဆင်နွှဲပျော်ရွှင်လေ့ရှိကြသည်။

နှစ်ဟောင်းကုန်ကူး လတန်ခူး၏ သာယာကြည်နူးဖွယ်မြင်ကွင်းကို-

နွေခါမိုးယံ၊ ရာသီမိဿ၊ ဂိမာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊
စံပယ်ကွန့်ကာ၊ တိမ်ဖွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊
နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူတာ ရေသွန်းချိန်မို့ လွမ်းလှတယ်လေး။

ဟု မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့် စာပန်းချီခြယ်မှုန်းခဲ့သည်။

မြန်မာတို့သည် တစ်နှစ်လျှင် တစ်ကြိမ် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသည့် ဤလတွင် ရိုးရာဓလေ့ထုံးစံအရ တစ်ဦးနှင့်တစ်ဦး ကြင်နာဆပွား မေတ္တာထား၍ သန့်စင် ထုံမွှေးသော ရေစင်ဖြင့်သွန်းလောင်း ပက်ဖျန်းလေ့ရှိကြသည်။

‘တန်ခူးရေကုန် ကဆုန်ရေခန်း’ ဟူသော စကားကဲ့သို့ တန်ခူးလကား အလွန်ပူပြင်းသော လတစ်လဖြစ်သည်။

“အထောက်ကတဲ့ မတန် ရွှေကုံ့ ကော်ဇမ္ဗူကျုံးလို့ ကြုံဆုံးတသိန် တင့်ပါဘိ၊ ပန်းမင့်ထွတ်စံ၊ မိဿာ ဘုံဂဋ္ဌုန်ကူးတွင်မှ ကြုံဘူးလေ့ဖြစ် ဟန်၊ ရစ်တန်ပိုင့် ဆင်တော်နည်း၊ ချိန်ခါနွေ ဣန္ဒာဆွေဘူပတိသော်မှ၊ ပူမိလျှင် ဘယ်ဖြေနိုင်လိမ့် ခြယ်ရွှေ ဆိုင်နေရုလေးနှင့် ရာဇူမှာသာပြုသေး ချည်ငဲ့ ဆွေးတော်ညှံ့ပဲ”

ဟု စာဆိုတော် ဦးကြင်ဥက တန်ခူးလ၏အပူသရုပ်ကို လေးချိုးသဖြန်ဖြင့် ဖွင့်ထုတ်ဖွဲ့သီခဲ့သည်။

ပူလောင်အိုက်စပ်နေသော အချိန်တွင် လူတိုင်းက အအေးဓာတ်ကို လိုလားတောင့်တနေကြစမြဲပင်ဖြစ်သည်။ သို့ဖြစ်ရာ ပူပြင်းသော တန်ခူးလတွင် အေးမြသော မေတ္တာရေဖြင့် ကြည်နူးရွှင်လန်း ဖျန်းပက်ကြခြင်းမှာ လိုက်ဖက်ကောင်းမွန်လှသည်ဟု ဆိုနိုင်သည်။

သင်္ကြန်ပွဲတော်တွင် ရှေးအခါက မြန်မာတို့ ရေပက်ဖျန်းကစားကြခြင်းသည် အလွန်ယဉ်ကျေး သိမ်မွေ့လှပါသည်။ နံ့သာဖြူ၊ ကရမက် စသော သင်းပျံ့မွှေးကြိုင်သည့် နံ့သာရည်၊ အမွှေးရည်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းလေ့ ရှိကြသည်။ လူပျိုကာလသားများက အမျိုးသမီး အပျိုအရွယ်များကို ရေပက်လိုသော် မိဘများထံ ခွင့်ပန်တောင်းယူ၍ အမွေး

မောင်ငြိမ်းချမ်း

နံ့သာရည်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းကြသည်။

ထို့ပြင် မြန်မာ့ရိုးရာဓလေ့ သင်္ကြန်ပွဲတော်တွင် အစဉ်အလာကောင်းများ ရှိကြသည်။

မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်သည် ယဉ်ကျေးမှု အမွေအနှစ်ဖြစ်၍ ထိန်းသိမ်းဖွယ်လည်း ဖြစ်သည်။ သင်္ကြန်အတာကူး အခါသမယကို အကြောင်းပြု၍ ကုသိုလ်အထူးပြုကြပုံ၊ ပျော်ပွဲရွှင်ပွဲ ဆင်နွှဲကြပုံများမှာ များလှသည်။ နှစ်သစ်ကူးပွဲဖြစ်၍ မြန်မာတို့၏ အသည်းစွဲရိုးရာပွဲတော်အဖြစ် မြတ်နိုးရပေသည်။

မြန်မာတို့၏ အလေးဂရုပြုရသည့် သင်္ကြန်ဓလေ့အခါကို အကြောင်းပြု၍ ဂီတသံစဉ်များလည်း ပေါ်ထွက်လာသည်။ တေးသံသာများသည် သရုပ်ဖော်မှုများနှင့်အတူ ထုတ်လွှင့်ဖော်ကျူးပြသကြသည်။ ကျက်သရေတက်နေတင့်ဖြာသော ဂီတသံစဉ်များ၊ အလှ၊ အက၊ သဘာဝတင်ဆက်မှု သရုပ်သကန်များ တွေ့ရလေ့ရှိသည်။

မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ သင်္ကြန်ယဉ်ကျေးမှုကို ထိန်းသိမ်း မြှင့်တင်ကြရမည် ဖြစ်သည်။ သပြေခက်နှင့် ရေပက်သကဲ့သို့ အတိတ်သမိုင်း၏ တင့်တယ်သော ရိုးရာအမွေကို ထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်သည်။ ဖျော်ဖြေမှုလုပ်ငန်းတွင် ထိရောက်သော တေးဂီတသီချင်းများစွာသည် သင်္ကြန်၏သရုပ်ကို ပီပြင်စေသည်။ မြတ်နိုးစရာ ရေးဖွဲ့ကြသည်။ လမ်းရိုးဟောင်းကို ဆင့်ကာထွင်၍ ရှေးရိုးမပျက် တင်ဆက်ကြရမည် ဖြစ်သည်။

သင်္ကြန်ရေသည် စေတနာ မေတ္တာဝေဖြာသည့် သန့်စင်မွန်မြတ်သော ရေဖြစ်သည်။ သင်္ကြန်ရေလောင်းကာ အားမာန်အသစ်များ ဖြစ်စေချင်သည်။ သင်္ကြန်ကို အကျည်းတန် အရုပ်ဆိုး သရုပ်မပျက်စေသင့်ပေ။ ပျော်ပွဲရွှင်ပွဲသက်သက် သဘောမထားဘဲ ထူးမြတ်သည့် နှစ်သစ်ဦးပွဲတော်အဖြစ် ဖော်ဆောင်ကြရမည်ဖြစ်သည်။

သင်္ကြန်အခါတော်တွင် ရုံးများ၊ နေအိမ်ရပ်ကွက်များတွင် အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ အမွေးနံ့သာများ ပက်ဖျန်းခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်ကို နာကြားခြင်း၊ ကျောင်းကန်ဇရပ်များ၊ တန်ဆောင်းများ သန့်ရှင်းခြင်း၊ သက်ကြီးရွယ်အိုတို့အား တရော် ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်း ညှပ်ပေးခြင်း၊ ဘိုးဘွားမိဘဆရာသမား စသူတို့အား ပူဇော်ကန်တော့ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်နာယူခြင်း၊ ရေခန်းလုနီးဖြစ်နေသော အင်းအိုင်ချောင်းမြောင်းများမှ ငါးများ၊ အသတ်ခံရတော့မည့် ငါးများကို ဝယ်ယူ၍ ရေများရာ မြစ်ချောင်း၊ ကန်၊ မြောင်းများသို့ လွှတ်ခြင်း၊ ကျွဲ နွားစသည့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသည့် မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

နှစ်သစ်ကူးသည့် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် သံဃာတော်အရှင်သူမြတ်များကလည်း မြန်မာပြည်သူတစ်ရပ်လုံး ဘေးအန္တရာယ်အပေါင်း ကင်းရှင်းစေကြောင်း၊ မေတ္တာ ကရုဏာ စိတ်ထားဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြမည် ဖြစ်သည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လမ်းများတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များကို အစဉ်အလာမပျက် ရွတ်ဖတ်ပူဇော်ကြမည် ဖြစ်သည်။

ထို့ကြောင့် နှစ်သစ်၊ နှစ်ဦး၊ နှစ်ဆန်းစတွင် မြန်မာပြည်သူတစ်ရပ်လုံးသည် ကိုယ်ရောစိတ်ပါ ရွှင်းသန့်၍ ကုသိုလ်ဒါနတရားတို့ဖြင့် ထုံမွှမ်းလျက်ရှိနေကြမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သင်္ကြန်အကျနေ့က အင်းလျားလမ်းတွင် ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-သိန်းဝင်းလေး၊ မြန်မာ့အလင်း)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရပ်စောက်မြို့နယ် စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ အသုံးပြုပြီး နှစ်ရှည်ပင် စိုက်ပျိုးရေးခြံများ စနစ်တကျဖော်ထုတ် အောင်မြင်ဖြစ်ထွန်းမှုအပေါ် အခြေခံ၍ လိုအပ်သော စက်မှုလုပ်ငန်းများ တွက်ချက်ထူထောင်ရန် မှာကြား

ရန်ကုန် ဧပြီ ၁၅

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၁၁ရက် နံနက်ပိုင်းတွင် ရပ်စောက်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရပ်စောက်မြို့နယ် အင်တောမြို့ ဆီဆုံဂနိုင်ဒေသရှိ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ လိမ္မော်ပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက်၁၀ နာရီခွဲတွင် ရပ်စောက်မြို့နယ် အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စုရှိ ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ မြေလွတ်မြေရိုင်းဖော်ထုတ်ရေးစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ရပ်စောက်မြို့နယ်၏ အကျယ်အဝန်း၊ မြို့နယ်အတွင်းရှိ မြေလွတ်မြေရိုင်းများ၌ တိုင်းရင်းသားလုပ်ငန်းရှင်များအား နှစ်ရှည်ပင်၊ ရာသီပင်များစိုက်ပျိုးနိုင်ရန် မြေလွတ်၊ မြေရိုင်းလုပ်ကွက်များ ခွဲဝေပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြေလွတ်မြေရိုင်းများဖော်ထုတ်

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက မိမိတို့ကုမ္ပဏီအနေဖြင့် ဤဒေသ၌ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ဆောင်ရွက်ရန် ဧက ၈၁၀၀ခန့်ရရှိထားပါကြောင်း၊ လုပ်ကွက်မြေအနေအထားများကို လေ့လာခဲ့ပြီး ကော်ဖီ၊ မက္ကဒေးမီးယားနှင့် ဒေသနှင့် ကိုက်ညီမည့် သီးနှံများ စိုက်ပျိုးသွားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ကော်ဖီ ၁၀ဧက၊ မက္ကဒေးမီးယား ၁၅ဧက စမ်းသပ်စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ယခု ၂၀၀၅-၂၀၀၆တွင် ဧက ၃၀၀ စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပျိုးပင်များ စုဆောင်းထားမှု၊ စက်/ယာဉ်စုဆောင်းထားမှုများကို ရှင်းလင်းတင်ပြသည်။

ထိထိရောက်ရောက်အသုံးချ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ မိမိတို့နိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေသယံဇာတများစွာ ကျန်ရှိနေသေးကြောင်း၊ ယင်းကျန်ရှိနေသော မြေလွတ်မြေရိုင်းများကို ထိထိရောက်ရောက်အသုံးချနိုင်အောင် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအား မိမိတို့ခွင့်ပြုချထားပေးလျက်ရှိကြောင်း။

တနင်္သာရီတိုင်း၌ ဆီအုန်းနှင့် ရော်ဘာဖြစ်ထွန်းနိုင်သဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဆီအုန်းရော ရော်ဘာကိုပါ တိုးချဲ့စိုက်နိုင်အောင် အားပေးလျက်ရှိကြောင်း။

ဖိတ်ခေါ်အားပေး

အလားတူပင် ရခိုင်ပြည်နယ်၏ ရာသီဥတုနှင့် မြေအနေအထားအရ ရော်ဘာပင်ဖြစ်ထွန်းနိုင်သဖြင့် ရော်ဘာကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးရန် မိမိတို့ ဖိတ်ခေါ်အားပေးလျက်ရှိကြောင်း။

ဤဒေသ၌လည်း ဒေသ၏ ရာသီဥတုနှင့် မြေအခြေအနေအရ ဖြစ်ထွန်းနိုင်သော နှစ်ရှည်ပင်များကို စီမံချက်ချ၍ ထိထိမိမိ စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

စီးပွားဖြစ်စိုက်ပျိုး

ကော်ဖီ၊ မက္ကဒေးမီးယား၊ သရက်၊ လိမ္မော်စသည့် နှစ်ရှည်ပင်များအနက် ဖြစ်ထွန်းအောင်မြင်နိုင်သည့် နှစ်ရှည်ပင်များကို စနစ်တကျ ရွေးချယ်၍ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များဖြင့် ရနိုင်သမျှ စီးပွားဖြစ်စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

နှစ်ရှည်ပင်များကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရာ၌ အရင်းအနှီးကြီးသကဲ့သို့ နည်းပညာရှိရန်လည်း လိုအပ်ကြောင်း၊ အချိန်လည်း ယူရကြောင်း။

ထို့ကြောင့် နှစ်ရှည်ပင်များကို နှစ်အလိုက် စီမံချက်ဖြင့် စိုက်ပျိုးနေချိန်၌ နှစ်ချင်းဝင်ငွေရနိုင်သည့် ပဲ၊ ပြောင်း၊ နှမ်းစသော ရာသီသီးနှံများကိုလည်း စိုက်ပျိုးသွားရန် လိုကြောင်း။

ယင်းမြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေအသစ်အဖြစ် ဖော်ထုတ်၍ စိုက်ပျိုးသော ရာသီသီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချခွင့် မိမိတို့တရားဝင်ခွင့်ပြုပေးလျက်ရှိရာ နှစ်ရှည်ပင်များ ရင်းနှီးစိုက်ပျိုးနေသော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်ကြောင်း။

အလေးပေးဆောင်ရွက်

ယခုကဲ့သို့ ခေတ်မီလယ်ယာလုပ်ကွက်များ ဖော်ထုတ်၍ နှစ်ရှည်ပင်များ စိုက်ပျိုးလုပ်ကိုင်ရင်း ဆက်စပ်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အလေးပေး ဆောင်ရွက်ကြရမှာဖြစ်သကဲ့သို့ သဘာဝသစ်တောများကိုလည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရွှေသံလွင် ကုမ္ပဏီလီမိတက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး မက္ကဒေးမီးယားနှင့် ကော်ဖီပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စိုက်ပျိုးရန် မြေပြုပြင်ထားမှုများ၊ စိုက်ပျိုးပြီးစီးသည့် စိုက်ဧကများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးစီမံကိန်းသို့ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ဒုဋ္ဌဝတီတံတား(တာပလန်)တည်ဆောက်ရေး စီမံကိန်း အခြေအနေကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။

ယင်းနောက် ရပ်စောက်မြို့နယ် အင်တောမြို့ ဆီဆုံဂနိုင်ဒေသရှိ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ နှစ်ရှည်သီးနှံစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ထူးထရေးဒင်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးတေဇက နှစ်ရှည်သီးနှံစိုက်ပျိုးရေး စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး မိမိတို့ ကုမ္ပဏီအနေဖြင့် ဤဒေသ၌ နှစ်ရှည်သီးနှံများ စိုက်ပျိုးရန် ဧက ၈၀၅၀ခန့် လုပ်ကိုင်ခွင့်ရရှိထားပါကြောင်း။

ကော်ဖီ၊ မက္ကဒေးမီးယား၊ လိမ္မော်၊ သရက်၊ လက်ဖက်၊ ထောပတ်၊ သစ်ဆိမ့်၊ ကြက်ဆူ၊ရော်ဘာ၊ တည်းတို့ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး သရက်နှင့် လိမ္မော်ကို ဦးစားပေးစိုက်ပျိုးရန် ရည်မှန်းထားပါကြောင်း။

လေးနှစ်ကာလအတွင်း ဧကအပြည့်အဝ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများသို့လည်း စိုက်ပျိုးရေးလုပ်ငန်း အတွေ့အကြုံများရရှိစေရန် ကုမ္ပဏီဝန်ထမ်းများအား စေလွှတ်ပေးလျက်ရှိပါကြောင်း။

စီစဉ်ဆောင်ရွက်ပေး

ဝန်ထမ်းများ၊ လုပ်သားများ၊ ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးကိစ္စများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ အသုံးပြု၍ နှစ်ရှည်ပင် စိုက်ပျိုးရေးခြံများကို စနစ်တကျ ဖော်ထုတ်စိုက်ပျိုးသွားရန်၊နှစ်ရှည်ပင်အောင်မြင်ဖြစ်ထွန်းမှုအပေါ် အခြေခံ၍ လိုအပ်သော စက်မှုလုပ်ငန်းများကို တွက်ချက်ထူထောင်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကုမ္ပဏီ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး လိမ္မော်ပျိုးပင်များ ပျိုးထောင်ထားမှုနှင့် စိုက်ပျိုးရေးရရှိနိုင်မည့် ရေအရင်းအမြစ် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြေယာပြုပြင် ပြီးစီးမှုအခြေအနေများနှင့် လိမ္မော်ပင်များ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဗထူးတပ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများဖြစ်ကြသော ဦးသောင်းနှင့် ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့်တို့သည်ဧပြီ ၁၁ရက်မွန်းလွဲပိုင်းတွင် ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြပြီး မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအားတွေ့ဆုံ၍ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားကြသည်။ ထို့နောက် ဝန်ကြီးများသည် ဗထူးတပ်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အော်တိုအိတ်ချိန်းကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မင်္ဂလာမဏ္ဍပ်မှ ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ သွားရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအားလည်း ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ C.H.M.C ဥက္ကဋ္ဌ Mr. Lu Wenjunတို့သည် ဖဲကြိုးဖြတ်၍ စက်ရုံကို ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး နံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ C.H.M.C ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အမှတ်တရလက်ဆောင်ပေးအပ်

အဆိုပါ ထိန်းချုပ်ခန်း၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား C.H.M.C ဥက္ကဋ္ဌက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တာဘိုင်အင်ဂျင်ခန်းများ၊ ဘွိုင်လာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံသို့ ကျောက်မီးသွေး ပေးသွင်းသည့် ရှမ်းရိုးမနဂါးကုမ္ပဏီ လီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြပြီး ကျောက်မီးသွေး တူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

တာဝန်ယူတည်ဆောက်ခဲ့

တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံကို ၄-၉-၂၀၀၂မှ စတင်တည်ဆောက်ခဲ့ပြီး ၃၁-၃-၂၀၀၅တွင် ပြီးစီးခဲ့သည်။

ဤစက်ရုံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ C.H.M.C ကုမ္ပဏီ၊ မြန်မာနိုင်ငံမှ ဒေင်ကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံတွင် ၆၀မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ် ပေးနိုင်သည့် တာဘိုင်စက်(၂)လုံး တပ်ဆင်ထားရာ စုစုပေါင်း ၁၂၀မဂ္ဂါဝပ်ထုတ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားပေး စက်ရုံဖြစ်သည်။

စွမ်းအားပြည့်ထုတ်လုပ်

တာဘိုင်စက်(၂)လုံးအနက် (၁)လုံးကို ၂၀၀၄ ခုနှစ်အတွင်း တပ်ဆင် ပြီးစီးခဲ့ပြီး ယခုအခါ စက်စွမ်းအားပြည့် ထုတ်လုပ်လျက်ရှိသည်။

ဒုတိယတာဘိုင်စက်(၁)လုံးကို စက်အစိတ်အပိုင်းများ အပြီးသတ်တပ်ဆင်ပြီးပြီဖြစ်၍ လိုအပ်သော စက်စမ်းသပ်မှုနှင့် စစ်ဆေးမှုများ ပြုလုပ်ကာ ယခုဧပြီလနောက်ဆုံးပတ်အတွင်း လျှပ်စစ်ဓာတ်အားကို စက်စွမ်းအားပြည့် ထုတ်လုပ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

❐ စာမျက်နှာ ၉ မှ

ထို့နောက် အခမ်းအနားအစီအစဉ်အရ SSNA တပ်မဟာမှူး ဦးကန်နက ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင် လဲလှယ်ရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

(ဦးကန်န၏ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ရသည့် အကြောင်း ရှင်းလင်းချက်ကို သီးခြား ဖော်ပြထားပါသည်။)

ယင်းနောက် အခမ်းအနားအစီအစဉ်အရ SSNA တပ်မဟာ(၁၁)မှ တပ်ရင်းမှူးဦးပွမ်ဝမ်းက နိုင်ငံတော်နှင့် ပြည်သူလူထုအား ကျေးဇူးတင်စကားပြောကြားသည်။

(ဦးပွမ်ဝမ်း၏ ကျေးဇူးတင်စကား အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် ဒေသခံတိုင်းရင်းသူဝန်ထမ်းတစ်ဦးဖြစ်သည့် ဒေါက်တာဖြူဖြူက SSNA တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များ ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ခြင်းအပေါ် ဒေသခံပြည်သူများ၏ သဘောထားနှင့် ဝမ်းသာကြည်နူးမှု ခံစားရချက်ကို ရှင်းလင်းပြောကြားသည်။

(ဒေါက်တာဖြူဖြူ၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက SSNA တပ်မဟာ(၁၁)မှခေါင်းဆောင်များအား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။ ပထမဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက SSNA တပ်မဟာ(၁၁)တပ်မဟာမှူး ဦးကန်နအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းခြင်း ပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက SSNA တပ်မဟာ(၁၁) ဒုတိယတပ်မဟာမှူး ဦးအိန္ဒာနှင့် တပ်ရင်းမှူးများ ဖြစ်ကြသော ဦးပွမ်ဝမ်း၊ ဦးခမ်းမွန်နှင့် ဦးစိုင်းဖုန်း တို့အားလည်း ဂုဏ်ပြုလက်ဆောင်ပစ္စည်းခြင်းများ အသီးသီး ပေးအပ်သည်။

လက်ခံရယူ

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ကြသည့်SSNA တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များအတွက် ဆန်အိတ်၁၆၀၊ ဆီပိဿာ ၆၀၊ ဝတ်စုံ ၂၅၀၊ ကျွဲနွားအကောင် ၂၀နှင့် ငွေကျပ်သိန်း၂၀ တို့ကို ဂုဏ်ပြုထောက်ပံ့ပေးအပ်ရာ SSNA တပ်မဟာ(၁၁)တပ်မဟာမှူး ဦးကန်နက လက်ခံရယူသည်။

ထို့နောက်ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များက ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် SSNA တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ၎င်းတို့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကြေးများ ဂုဏ်ပြုပေးအပ်လှူဒါန်းကြသည်။ ရှေးဦးစွာ ကမ္ဘောဇဘဏ်လီမိတက်မှ ဒေါ်စန္ဒာဝင်းက ငွေကျပ်သိန်း၅၀ကို ဂုဏ်ပြု ပေးအပ်လှူဒါန်းရာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်နှင့် SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နတို့က လက်ခံရယူသည်။ အလားတူပင် အေးရှားဝေါ ကုမ္ပဏီ လီမိတက်မှ ဦးတင်ကိုကိုက ငွေကျပ် သိန်း၃၀၊ ငွေစင်ကုမ္ပဏီမှ ဦးခင်မောင်စိုးက ငွေကျပ်သိန်း၃၀၊ ကျားခေါင်းကုမ္ပဏီမှ ဦးကျော်မြင့်က ငွေကျပ်သိန်း၂၀၊ အေသုံးလုံး ကုမ္ပဏီမှ ဦးစောလှိုင်က ငွေကျပ်သိန်း ၂၀၊ စိုစိုပြည်ပြည် ကုမ္ပဏီမှ ဦးစိုင်းအေးက ငွေကျပ်သိန်း၂၀၊ ငွေရည်ပုလဲ ကုမ္ပဏီမှ ဦးမြင့်ရှိန်က ငွေကျပ် သိန်း၂၀၊ လားရှိုးမြို့ပေါ် စီးပွားရေးလုပ်ငန်းရှင်များကိုယ်စား ဦးရီစိန်က ငွေကျပ် ၁၀သိန်း၊ ပတ္တမြားဥယျာဉ် ကုမ္ပဏီမှ ဦးဆန်းဝင်းက ငွေကျပ်၁၀သိန်း၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့မှဦးခွန်လှိုင်က ငွေကျပ်၁၀သိန်းတို့ကို ဂုဏ်ပြုပေးအပ် လှူဒါန်းရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့်SSNAတပ်မဟာမှူးဦးကန်နတို့က လက်ခံရယူကြသည်။ ဂုဏ်ပြု လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် သိန်းပေါင်း ၂၂၀ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နံနက်၉နာရီ မိနစ် ၄၀တွင် SSNA တပ်မဟာ(၁၁)၏ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် လဲလှယ်သည့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများအဖွဲ့သည် SSNA တပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ရာတွင် အပ်နှံခဲ့သည့် လက်နက်ခဲယမ်းများကို စစ်ဆေးကြည့်ရှုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့သည် ဆယ်အူကျေးရွာ အလယ်တန်းကျောင်း ကျောင်းသားကျောင်းသူများနှင့် SSNA တပ်မဟာ(၁၁)တပ်ဖွဲ့ဝင်များ၏ သားသမီး၊ ကျောင်းသားကျောင်းသူများအတွက် လိုအပ်နေသော ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရေးအတွက် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် SSNA တပ်မဟာ(၁၁)မှ တပ်ဖွဲ့ဝင်များ၊ အခြားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေသခံတိုင်းရင်းသူတစ်ဦး၏ ရင်ထဲကြိတ်မှိတ်ခံစားရင်း တိုးတိုးတောင်မပြောရဲခဲ့သည့်ခံစားချက် ပြည်သူများရှေ့မှောက်၌ ငြိမ်းချမ်းမှု၏အကျိုးကြောင့် အားပါးတရပြောရ၍ ဝမ်းသာမဆုံးဖြစ်

ရန်ကုန် ဧပြီ ၁၅

၂၀၀၅ခုနှစ် ဧပြီ၂ရက်က ကျင်းပသော ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် SSNA တပ်မဟာ(၁၁) ဦးကန်နအဖွဲ့မှ ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် ဒေသခံတိုင်းရင်းသူ ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါက်တာဖြူဖြူပြောကြားသည့် ဂုဏ်ပြုကျေးဇူးတင်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကြွရောက်လာကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဝန်ကြီးများနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အပေါင်းတို့ရှင်–

ကျွန်မကတော့ သိန်းနီမြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒေသခံတိုင်းရင်းသူဝန်ထမ်း ဒေါက်တာဖြူဖြူ ဖြစ်ပါတယ်။

အဘိုး၊ အဘွားကစပြီး သိန်းနီမြို့မှာ အစဉ်အဆက်နေထိုင်ခဲ့တဲ့ ဒေသခံ ရှမ်းတိုင်းရင်းသူတစ်ဦး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ယခုလို SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နမှ ငြိမ်းချမ်းရေးအတွက် ခြွင်းချက်မရှိ လက်နက်စွန့်လွှတ် အပ်နှံတဲ့ အခမ်းအနားမှာ ဒေသခံတိုင်းရင်းသူတစ်ဦးရဲ့ ဘဝတစ်လျှောက် ကြုံတွေ့ခံစားခဲ့ရတဲ့ ရင်ထဲကစကားများကို ရင်ဖွင့်ပြောကြားခွင့် ရရှိတဲ့အတွက် ဝမ်းသာကြည်နူး ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

ရင်ထဲမှာ ကြိတ်မှိတ်ခံစားရပြီး တိုးတိုးတိတ်တိတ်တောင် မပြောရဲခဲ့တဲ့ ခံစားချက်တွေကို ငြိမ်းချမ်းမှုရဲ့အကျိုးကြောင့် အခုလို အများပြည်သူရှေ့မှောက်မှာ အားပါးတရ ပြောကြားခွင့်ရတဲ့အတွက် ဝမ်းသာမဆုံး ဖြစ်ရပါတယ်။

ကိုလိုနီနယ်ချဲ့စနစ်ရဲ့ သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်စနစ် အမွေဆိုးကြောင့် ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စု ညီအစ်ကိုအချင်းချင်း လက်နက်ကိုင် ဆန့်ကျင်မှုတွေဟာ ဒီဒေသမှာ ကျွန်မတို့ မမွေးခင်ကတည်းက စတင်ခဲ့ပြီး ကျွန်မတို့ရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ ဆိုးရွားတဲ့ ဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဒေသခံတွေဟာ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ပြေးပြေးလွှားလွှား ကျီးလန့်စာစား နေခဲ့ရတာပါ။ ဒီလိုခံစားရတဲ့ ဒုက္ခတွေ ဘယ်တော့မှ ပြီးဆုံးပြီး ငြိမ်းချမ်းပါ့မယ်ဆိုတာ စိတ်ကူးတောင် မယဉ်ရဲခဲ့ပါဘူး။ မလုံခြုံမအေးချမ်းတဲ့ ဘဝများနဲ့ ရှင်သန်ရပ်တည်ခဲ့ရပါတယ်။ သွားချင်ရာ သွားလို့မရ၊ သွားလိုရာ မသွားရဲတဲ့ဘဝပါ။ လားရှိုးမြို့ကိုတောင် အခြေအနေ အချိန်အခါကြည့်ပြီး သွားခဲ့ရတဲ့ဘဝပါ။

သိန်းနီမြို့ထဲမှာတောင် အထိတ်တလန့် ဖြစ်ရပ်တွေဟာ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ စိုးရိမ်ပူပန်မှုတွေကြောင့် ငြိမ်းချမ်းမှုဆိုတာ ဘာမှန်းတောင် မသိခဲ့ရပါဘူး။

စီးပွားရှာတဲ့ မိဘတွေမှာလည်း လွတ်လွတ်လပ်လပ် မရှိ၊ ပညာရှာရတဲ့ ကျွန်မဘဝမှာလဲ ပြည့်စုံမှု မရှိခဲ့ပါဘူး။ ဆေးပညာသင်ကြားဖို့ မန္တလေးမြို့မှာ နေရတော့လဲ မိမိကတော့ ငြိမ်းချမ်းလုံခြုံတဲ့ဘဝမှာ နေရပေမယ့် စိတ်ချမ်းသာပျော်ရွှင်မှုဆိုတာ မခံစားရပြန်ပါဘူး။ မငြိမ်းချမ်း မလုံခြုံတဲ့ဒေသမှာ ကျန်ရစ်ခဲ့တဲ့ မိဘဆွေမျိုးများအတွက် ပူပင်သောကများနဲ့ စိုးရိမ်ကြောင့်ကြ နေခဲ့ရပါတယ်။

မိဘများကလဲ လွတ်လပ်စွာ စီးပွားမရှာနိုင်၊ ကျွန်မတို့ ရှမ်းလူမျိုးနဲ့ ရှမ်းပြည်နယ်အတွက်ဆိုပြီး တောထဲမှာ လက်နက်ကိုင်တော်လှန်ရေး လုပ်နေတဲ့ ဆွေမျိုးများကိုလဲ ဆက်ကြေးပေးရနဲ့ ပညာရေးဆုံးခန်းတိုင်ပါ့မလားလို့ စိုးတထိတ်ထိတ်နဲ့ သင်ကြားခဲ့ရပါတယ်။

တပ်မတော်က နိုင်ငံတော်ရဲ့ တာဝန်များကို ရယူပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရလက်ထက်မှာ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများက မှားယွင်းတဲ့ လုပ်ရပ်များကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတော့ ငြိမ်းချမ်းပြီ၊ အေးချမ်းပြီဆိုပြီး ဝမ်းသာအားရ ဖြစ်ခဲ့ရပါတယ်။ နေမင်းကြီး ထွက်လာပြီး ငြိမ်းချမ်းရေးရဲ့ အလင်းရောင်အောက်ကို ရောက်ခဲ့ပြီလို့ ထင်ခဲ့ကြတာ။ တကယ်တမ်းကျတော့ အမှန်တကယ် ရင်ထဲမှာ မအေးချမ်းသေးပါဘူးရှင်။ ပြည့်ဝတဲ့ ငြိမ်းချမ်းရေးမဟုတ်သေးတာကို ခံစားရပါတယ်။ လက်နက်တွေကိုင်ထားပြီး ဒေသခံတွေအပေါ်မှာ ဆက်ကြေးကောက်၊ အခွန်အကောက်တွေကိုတော့ ကောက်ခံမြဲ ကောက်ခံခဲ့တာကြောင့် ပြည်သူများအနေနဲ့ ဝန်ထုပ်ဝန်ပိုးကတော့ လျော့မသွားခဲ့ပါဘူး။

တိုက်ပွဲတွေ၊ ပစ်ခတ်မှုတွေ မရှိတော့ပေမယ့် လက်နက်ကိုင်ဆောင်ထားသူတွေကိုတော့ လက်နက်မရှိတဲ့ တိုင်းရင်းသားကျေးရွာများမှာ ကြောက်မြဲကြောက် နေခဲ့ရတာပါပဲ။ သွားလာလှုပ်ရှားမှုမှန်သမျှ တိုးတိုးတိတ်တိတ် အသိပေး သတင်းပို့နေရတာပါပဲ။

ကျွန်မတို့ ဒေသခံတိုင်းရင်းသားဝန်ထမ်းများအနေနဲ့ ကိုယ့်လူမျိုး ဖွံ့ဖြိုးတိုးတက်ဖို့၊ ကိုယ့်လူမျိုး ကိုယ် အလုပ်အကျွေးပြုဖို့ ဘယ်သူမှ မလာချင်ကြတဲ့ ကိုယ့်ဒေသကို ကိုယ်ပဲ အနစ်နာခံပြီး ပြန်လာခဲ့တယ်။ ဝါသနာအရင်းခံပြီး ဌာနကပေးအပ်တဲ့ တာဝန်တွေကို တက်တက်ကြွကြွ စိတ်ပါဝင်စားလုပ်ပြန်တော့ အစိုးရလူဆိုပြီး ကဲ့ရဲ့ပြစ်တင် ခြိမ်းခြောက်တာကိုခံရပါတယ်။

လက်နက်ကိုင် ဆန့်ကျင်သူများ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတဲ့ နောက်ပိုင်းမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အတူလက်တွဲလုပ်ကြလို့ လမ်းတံတားတွေ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေးတွေ အသင့်အတင့် တိုးတက်လာခဲ့ပေမယ့် ငြိမ်းချမ်းသောဘဝ လုံခြုံမှုကတော့ ရောင်နီသန်းရုံမျှသာ ရှိခဲ့ပါတယ်။

ဒီကနေ့ ဦးကန်န ဦးဆောင်တဲ့ SSNA တပ်မဟာ(၁၁)ဟာ နိုင်ငံတော်ရဲ့ စေတနာအမှန်ကို နားလည်သဘောပေါက်ပြီး ဒေသခံပြည်သူတွေရဲ့အကျိုးကို အမှန်တကယ် မျှော်ကိုးကာ မိမိတို့ ကိုင်ဆောင်လာခဲ့တဲ့ လက်နက်တွေကို ထာဝရခြွင်းချက်မရှိ စွန့်လွှတ်ပြီး တိုင်းရင်းသားပြည်သူတွေ ဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့တဲ့ အခွန်အကောက်တွေ ကောက်ခံခြင်း မပြုတော့ဘဲ ပြည်သူပြည်သားများအဖြစ် အေးအတူ ပူအမျှ ပြည်သူပြည်သားနှင့် တစ်သားတည်း နေထိုင်သွားတော့မယ်လို့ သိရတဲ့အတွက် ကျွန်မတို့ ဒေသခံ ရှမ်းတိုင်းရင်းသားများအဖို့ ဘဝမှာ ဘယ်တုန်းကမှ မစဉ်းစားမမျှော်မှန်းခဲ့တဲ့ ဆုလာဘ်ကြီး ရရှိသလို ခံစားကြရပါတယ်။

စစ်မှန်သော ဘဝလုံခြုံမှုနဲ့ ငြိမ်းချမ်းမှုများကို ပြည့်ပြည့်ဝဝ ရရှိခံစားကြရတော့မှာ ဖြစ်ပါတယ်။ တိမ်ကင်းစင်တဲ့ ငြိမ်းချမ်းရေး လမင်းကြီးရဲ့ အလင်းရောင်အောက်မှာ ကျွန်မတို့ တစ်တွေ အေးချမ်းပျော်ရွှင်တဲ့ဘဝ နေထိုင်သွားကြရတော့မှာ ဖြစ်ပါတယ်။

စစ်မှန်သော ငြိမ်းချမ်းရေးရရှိပြီး ဖြစ်လို့ အဟန့်အတားအနှောင့်အယှက်များ မရှိတော့ဘဲ စည်းလုံးညီညွတ်မှုများနဲ့အတူ ကျွန်မတို့ ဒေသဟာ နေ့ချင်း ညချင်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်။

ကျွန်မတို့အတွက် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ လူ့ဘောင်ဘဝကို ဖန်တီးနိုင်ဖို့ ရဲဝံ့စွာ အမှန်တရားရယူလက်ခံကာ လက်နက်များကို စွန့်လွှတ်ခဲ့တဲ့ ဦးကန်န ဦးစီးသော SSNA တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ သဘောထားကြီးမားစွာဖြင့် အမှန်တရားကို ရဲရဲဝံ့ဝံ့ လုပ်ကိုင်ပြီး ကျွန်မတို့ ပြည်သူပြည်သားတွေနဲ့ တစ်သားတည်း နေထိုင်သွားမယ့် SSNAတပ်မဟာ(၁၁)အား လိုအပ်သည်များ ကူညီထောက်ပံ့ပေးပြီး နွေးထွေးစွာ ကြိုဆိုပေးသော နိုင်ငံတော်အစိုးရနှင့် ပြည်သူများအားလည်းကောင်း ဒေသခံ တိုင်းရင်းသားများ၏ကိုယ်စား အထူးပင် ကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နက ၎င်းကိုင်ဆောင်သော လက်နက်ကို အပ်နှံစဉ်။ (သတင်းစဉ်)

ဒေသခံတိုင်းရင်းသူ ဝန်ထမ်း တစ်ဦးဖြစ်သည့် သိန်းနီမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ ဖြူဖြူက ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းမှုများ ပြည့်ပြည့်ဝဝရရှိ

နိုင်ငံတော်ရဲ့ စေတနာအမှန်ကို နားလည်သဘောပေါက်ပြီး ဒေသခံပြည်သူတွေရဲ့အကျိုးကို အမှန်တကယ် မျှော်ကိုးကာ မိမိတို့ ကိုင်ဆောင်လာခဲ့တဲ့ လက်နက်တွေကို ထာဝရခြွင်းချက်မရှိ စွန့်လွှတ်ပြီး တိုင်းရင်းသား ပြည်သူတွေ ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့တဲ့ အခွန်အကောက်တွေ ကောက်ခံခြင်းမပြုတော့ဘဲ ပြည်သူ ပြည်သားများအဖြစ် အေးအတူ ပူအမျှ ပြည်သူပြည်သားနှင့် တစ်သားတည်း နေထိုင်သွားတော့မယ်လို့ သိရတဲ့အတွက် ကျွန်မတို့ ဒေသခံ ရှမ်းတိုင်းရင်းသားများအဖို့ ဘဝမှာ ဘယ်တုန်းကမှ မစဉ်းစားမမျှော်မှန်းခဲ့တဲ့ ဆုလာဘ်ကြီးရရှိသလို ခံစားကြရပါတယ်။ စစ်မှန်သော ဘဝလုံခြုံမှုနဲ့ ငြိမ်းချမ်းမှုများကို ပြည့်ပြည့်ဝဝရရှိခံစား ကြရတော့မှာ ဖြစ်ပါတယ်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်အားပေး

ရန်ကုန် ဧပြီ ၁၅

၁၃၆၆ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၁၃ရက် ညနေ၄နာရီက မန္တလေးမြို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်အားပေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား ၁၃၆၆ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်ဖွင့်ပွဲနှင့် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားတွင် အလှပြယာဉ်များက ဖြတ်သန်းပြီး ဂါရဝပြုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ ဖိတ်ကြားထားသည့်ပြည်ပ နိုင်ငံများမှ ဧည့်သည်တော်များ၊ ရန်ကုန်မြို့မှ သံအမတ်ကြီးများနှင့်သံတမန် များ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ် များ၊ဌာနဆိုင်ရာအကြီးအကဲများ၊တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ရုပ်ရှင်၊ဂီတ၊သဘင်အနုပညာရှင်များ၊ယိမ်းအက အဖွဲ့ဝင်များ၊အနယ်နယ်အရပ်ရပ်မှ ပြည်သူများအပါအဝင် ဒေသခံပြည်သူများ အထူးစည်ကားစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲ တော်နှင့် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်လိုက်သည်နှင့် အနုပညာဦးစီးဌာန မန္တလေးဌာနခွဲမှ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်ရွှမ်းပြီး မဏ္ဍပ်ရှေ့ရှိ တူညီ ဝတ်စုံဝတ် ကျောင်းသူလေးများက မိုးပျံပူဖောင်းများကို လွှတ်တင်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင် များအား မန္တလေးမြို့တော်ဝန်က မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ နံ့သာရည်များ လိုက်လံပက်ဖျန်းသည်။

ဆက်လက်၍ မန်းစည်ပင်တေးဂီတအဖွဲ့နှင့်အတူအနုပညာရှင်များ၊ မန်း စည်ပင်ယိမ်းအကအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများ က ခါသင်္ကြန်တေးများကို သီဆို၍ ကပြဖျော်ဖြေကြသည်။

ဂါရဝပြုနှုတ်ဆက်

ထို့နောက် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သင်္ကြန်အလှပြယာဉ်များက မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်းဂါရဝပြုကြရာ ရှေးဦးစွာ မြို့မတူရိယာအဖွဲ့ အလှပြယာဉ်က ဖြတ်သန်းဂါရဝပြု နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံကိုယ်စားပြု အလှပြယာဉ်၊ ထိုင်းနိုင်ငံကိုယ်စားပြု အလှပြယာဉ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကိုယ်စားပြု အလှပြ ယာဉ်တို့က ဖြတ်သန်းဂါရဝပြု နှုတ်ဆက်ကြသည်။

ထို့နောက် မန္တလေးခရိုင်ကိုယ်စားပြု မြနန်းမန္တလာအလှပြယာဉ်၊ မိတ္ထီလာ ခရိုင်ကိုယ်စားပြု ထီလာမေအလှပြယာဉ်၊ ပြင်ဦးလွင်ခရိုင်ကိုယ်စားပြု ပန်းမြို့တော် အလှပြယာဉ်၊ ညောင်ဦးခရိုင်ကိုယ်စားပြု ပုဂံရွှေပြည် အလှပြယာဉ်၊ ကျောက်ဆည် ခရိုင်ကိုယ်စားပြု ကင်းတားရွှေပြည်အလှပြယာဉ်နှင့် ရမည်းသင်းခရိုင် ကိုယ်စားပြု အလှပြယာဉ်တို့က မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်း ဂါရဝပြု နှုတ်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အတာရေများပက်ဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင် များသည် ဧည့်သည်တော်များ၊ သံအမတ်ကြီးများ၊ သံတမန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အတာရေများ အပြန်အလှန် ပက်ဖျန်းကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ သည် ဖွင့်ပွဲအခမ်းအနားသို့ ပျော်ရွှင်စွာ တက်ရောက်လာကြသည့် ပြည်သူများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဧပြီ၁၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပြန်လည်ရောက် ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁၅

မြန်မာ့နှစ်ဦး တန်ခူးလအတာသင်္ကြန်ပွဲတော်ကို ကြိုဆိုလျက် ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၇၂)ကို ထုတ်ဝေဖြန့်ချိထားသည်။

ကြည်အောင်(ကေတုမတီ)၊နောင်၊မြင်းမူမောင်နိုင်မိုး၊ မျိုးမြင့်လွင်၊ ပုသိမ် မောင်ကြေးရည်၊ပိုနေမြဲ(ဝက်လက်)ဇာနည်၊တိုးဝေ၊ပြင်စည်အောင်(ခရာတော)၊ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ ဝင့်ဝါထွန်း(ဂန္ထဝင်ကုန်း)၊ သောင်းဝင်း(လှိုင်)၊ တင့်ထွန်း(ချောက်)တို့၏ကဗျာများ၊စောမုံညင်း၊တက္ကသိုလ်တင်ခ၊ ဒေါက်တာ မတင်ဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ မှူးခရေ၊ လယ်တွင်းသား စောချစ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ဗိုလ်ကလေးတင့်အောင်၊ ဒေါက်တာသန်း ဝင်းတင်၊အောင်ဇင်၊သန်းဝင်းရှိန်၊ ချောင်းဦးမောင်စန္ဒာ၊မောင်အေးနှစ် (ပညာ ရေး)၊ ခင်အေး (စက်မှု)၊ စကုဆွေသစ်၊ မောင်မြတ်မွန်(ဆူးလေ)၊ချစ်ပိုင်း (ဥပဒေ)၊ကျော်ဇောဟိန်း (ဒေါပုံ)၊ မောင်လွမ်းနွယ်(အောင်လံ)၊ ယမုံသက် လယ်၊ တက္ကသိုလ်စိုးယဉ် တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်ဆန္ဒ(လယ်ဝေး)၊ လင်းသန့်၊ သူရိန်မွန်(ဆေး–၂)၊ ရွှေတာမောင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စိုးစံ၊ မောင်နေမွန်၊ စည်သူကျော်၊ ကျော်ကျော် လွင်တို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ကျန်းမာရေးကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်နှင့် အခြား ဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လွိုင်ကော်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ မှ

ထို့နောက် ပြည်ထောင်စုတိုင်း ရင်းသားကျေးရွာဧည့်ခန်းမ၌ တိုင်းရင်း သား တိုင်းရင်းသူများက မဟာသင်္ကြန် အဆို၊အကများဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်း သားကျေးရွာ လူငယ်ဆိုင်းအဖွဲ့က ပဏာမ ဧည့်ခံတေးသွားဖြင့်လည်း ကောင်း၊ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ သမီးပျိုများက ရွှေဝါဖူး သင်္ကြန်တေးအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသူ များပါဝင်သည့် သင်္ကြန်ယိမ်းအဖွဲ့က ပြည်ထောင်စုကြီး အေးချမ်းပါစေ တေးသီချင်းဖြင့်လည်းကောင်း၊စစ်ကိုင်း တိုင်း လေရှီး၊ ပန်ဆပ်ဒေသမှ နာဂ တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန် တလန်၊ လုံလဲရ်ဒေသမှ ချင်းတိုင်းရင်း သူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသူများပါဝင်သည့်သင်္ကြန် ယိမ်းအဖွဲ့က တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေ တေးသီချင်းဖြင့်လည်း ကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံဒေသမှ ပလောင်တိုင်းရင်းသူ များ၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်း ဒေသမှ ရှမ်းတိုင်းရင်းသူများ၊ ကချင် ပြည်နယ် ဆဒုံး၊ ကန်ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသူများ ပါဝင်သည့် သင်္ကြန်ယိမ်းအဖွဲ့က ရိုးရာအလှမြန်မာ့ သင်္ကြန်တေးသီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်တို့က ဖျော်ဖြေ တင်ဆက်ကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် မဟာသင်္ကြန် ယိမ်းအဖွဲ့ တိုင်းရင်းသူများအားလုံးက မန်းတောင်ရိပ်ခို သင်္ကြန်တေးသီချင်း ကို သံပြိုင်သီဆိုကပြကြပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အတာရေပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်း သား တိုင်းရင်းသူများနှင့်အတူ အတာ ရေပက်ဖျန်းကြပြီး တိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြည်ထောင်စု တိုင်းရင်း သားကျေးရွာမှ ပြန်လည်ထွက်ခွာ သွားကြသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၁၆–၄–၂၀၀၅

(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာသင်္ကြန်
၈း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၈။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **“သစ္စာသိဖို့အရေးကြီးပုံ”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Consumer Behaviour. (ဒုတိယနှစ်–စီးပွားရေး)
၅း၂၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၉။ မြန်မာသင်္ကြန်
၅း၄၀ ၁၀။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ငယ်ချစ်ဦး”** (အပိုင်း–၃၁)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ FA Cup ဘောလုံးပွဲ Arsenal Vs Blackburn Rover

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် SSNA တပ်မဟာ(၁၁)မှ တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ မှ

ကြပါတယ်။ လုံးဝအမှောင် ဖုံးလွှမ်းနေတဲ့ အချိန်ကာလကြီးပါပဲခင်ဗျား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာတော့ ကျွန်တော်တို့အဖွဲ့နဲ့ ယုံကြည်မှု၊ နားလည်မှုရရှိလာပြီး နိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးခဲ့တဲ့ စေတနာတွေနဲ့ လုပ်ရပ်တွေကို နားလည်သဘောပေါက်ပြီး ကျွန်တော်တို့အဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ပြည်သူလူထုရဲ့အကျိုးကို နိုင်ငံတော်အစိုးရနဲ့ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။

သို့သော်လဲ ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်းများစွာက ကိုလိုနီအမွေဆိုးဖြစ်တဲ့ သွေးခွဲအုပ်ချုပ်မှုအစဉ်အလာနဲ့ ပဒေသရာဇ်အာဏာနဲ့ အုပ်စိုးမှု အစွဲအလမ်းကြောင့် နိုင်ငံတော်အစိုးရအဆက်ဆက်အပေါ်လဲ အပြည့်အဝယုံကြည်မှု မရှိခဲ့ပါဘူး။ ဒါ့ကြောင့် လက်နက်စွဲကိုင်မှုကို မစွန့်လွှတ်ဘဲ အစိုးရနဲ့ပူးပေါင်းပြီး ပြည်သူအကျိုးကို ဆောင်ရွက်တယ်ဆိုတဲ့ မပြတ်သားတဲ့လုပ်ရပ်နဲ့ပဲ ရပ်တည်ခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်တို့ဟာ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူတွေဟာ ကျွန်တော်တို့ကို ကြောက်လန့်နေကြတာကြောင့် အမှန်တကယ်လိုလိုလားလား ထောက်ခံကြသလားဆိုတာမသိဘဲ ပြည်သူလူထုရဲ့အားပေးထောက်ခံမှုကို ရရှိနေတယ်လို့ပဲ အထင်တကြီးနဲ့ နေခဲ့တာဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ ကြာလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်ဆန့်ကျင်တဲ့လမ်းစဉ်ကို ခြွင်းချက်မရှိ အပြီးအပိုင် မစွန့်လွှတ်သေးသရွေ့ ပြည်သူလူထုရဲ့ အမှန်တကယ်ထောက်ခံမှုမရဘူးဆိုတာ သိလာရပါတယ်။

လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ အကျိုးကို ဆောင်ရွက်ရမယ့်အစား ပြည်သူတွေထံက အခွန်အကောက် ဆက်ကြေးကို ရယူကောက်ခံပြီး စားသောက်နေသရွေ့ ပြည်သူကို အကျိုးမပြုနိုင်ဘူးဆိုတာကို နားလည်လာပြီဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ လက်ရှိနိုင်ငံတော်အစိုးရရဲ့ စေတနာကို လက်ခံသော်လဲ ယခင်တုန်းကတော့ သံသယနဲ့သာ လက်ခံခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေသအကျိုးလဲ ကောင်းကောင်း မလုပ်ခဲ့ပါဘူး။

ဒါပေမယ့် နိုင်ငံတော်အစိုးရက ကျွန်တော်တို့ရဲ့ သံသယတွေ ဘယ်လိုပဲ ရှိနေပါစေ၊ ပြည်သူလူထုကို ကျေးသားရင်သား မခွဲခြားဘဲ တောင်ပေါ်မြေပြန့် တစ်သွေးတစ်သားတည်း မျှမျှတတ ဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ပေးနေတာကို နေ့စဉ်နှင့်အမျှ တွေ့နေရပါတယ်။

တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးရေးဒေသကြီးတွေ သတ်မှတ်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လမ်းပန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် နေ့ချင်း၊ ညချင်း အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေတာတွေကို တွေ့နေရတဲ့အတွက် ကျွန်တော့်အနေနဲ့ လက်နက်ကိုင်ထားတဲ့ လမ်းစဉ်အပေါ် ပြန်လည်သုံးသပ်နေမိတာ ကြာပြီဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံတော်ကကျင်းပနေတဲ့ အမျိုးသားညီလာခံက ရေးဆွဲနေတဲ့ အခြေခံမူများဟာလဲ တစ်ချိန်က ကျွန်တော်တို့ လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကွာဟမှုအနည်းဆုံး အခွင့်အရေးရရှိကြမှာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေအပေါ် ကျွန်တော့်အနေနဲ့ သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာခဲ့ပြီး ဖြစ်ပါတယ်။

ဒီနယ်မြေရဲ့ တည်ငြိမ်အေးချမ်းမှု၊ ဒီနယ်မြေရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီနယ်မြေမှာရှိတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ဟာ ဒီနယ်မြေမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့တာဝန်ဖြစ်ပါတယ်။ ဒီတာဝန်ကို မထမ်းဆောင်နိုင်သရွေ့ ကျွန်တော်ဟာ ဘဝတစ်လျှောက်လုံး စိတ်အေးချမ်းနိုင်မှာမဟုတ်တော့ဘူးလို့ ခံစားမိပြီး၊ အခုလို တစ်ချိန်က မှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေး အမြင်ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်၊ နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေ ကင်းစင်လာပြီး မည်သူ့ တိုက်တွန်းချက်မှ မပါဘဲ နှစ်ပေါင်းများစွာ ကိုင်စွဲလာတဲ့ လက်နက်တွေကို အပြီးအပိုင် နိုင်ငံတော်အစိုးရကို အပ်နှံခြင်းဖြစ်ပါတယ်။ ရှေ့လျှောက်ပြီး ကျွန်တော်တို့ဟာ ပြည်သူတွေကြားက ပြည်သူပြည်သားတစ်ဦးအဖြစ်နဲ့ နိုင်ငံတော်ရဲ့ မေတ္တာစေတနာခံစားရင်း ဥပဒေဘောင်အတွင်းမှာ နေထိုင်သွားကြဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

ဒီနယ်မြေဟာ တစ်ချိန်က တိုက်ပွဲခေါ်သံတွေနဲ့ ပြည်သူတွေ သေကျေဒဏ်ရာရ စည်းစိမ်ဥစ္စာတွေ ပျက်စီးဆုံးရှုံးပြီး အမှောင်ဖုံးလွှမ်းခဲ့ရာကနေ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာ ကျွန်တော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်းဖြင့် လင်းရောင်ခြည် သန်းခဲ့ရာက ယခုလို ကျွန်တော်တို့ အနေနှင့် အပြီးအပိုင် လက်နက်များ အပ်နှံလိုက်ခြင်းဖြင့် တိမ်ကင်းစင်တဲ့ လမင်းကြီးရဲ့အလင်းရောင်လို ရှင်းရှင်းလင်းလင်းရှိခဲ့ပြီ ဖြစ်ပါတယ်။

ဒေသခံလူထု အားလုံးကလဲ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို ကိုယ်စား ကတိပြုပြောကြားပါတယ်။

တစ်ဆက်တည်းမှာပဲ ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်ဖို့အတွက် ကျွန်တော်တို့လိုပဲ တစ်ချိန်က အကြောင်းအမျိုးမျိုး၊ အစွဲအလမ်းအမျိုးမျိုးနဲ့ လက်နက်စွဲကိုင်နေကြတဲ့ ဥပဒေဘောင်အတွင်း ဝင်ထားတဲ့ ညီအစ်ကို အဖွဲ့အစည်းအားလုံးတွေကိုလဲ ကျွန်တော်တို့လို လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေဖို့၊ ပြည်သူလူထု ဝမ်းမြောက် လှိုက်လှဲစွာ ကြိုဆိုကြပါတယ်။ ရှင်းရှင်းလင်းလင်း လမင်းကြီးရဲ့ အလင်းရောင်ကို ကျွန်တော်တို့ အားလုံးနဲ့ထပ်တူ ဒီဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုအားလုံး အေးမြတဲ့မေတ္တာကို ရရှိခံစားနိုင်ကြတော့မှာ ဖြစ်ပါတယ်။ နောင်ဘယ်တော့မှလဲ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမယ့် လုပ်ရပ်များ မဖြစ်စေရေး တပ်ဖွဲ့ဝင်အားလုံး အပေါ်စစ်မှန်တဲ့ မေတ္တာစေတနာ အပြည့်အဝအားဖြင့် လက်နက်စွဲကိုင်ထားရတဲ့ သံသယစိတ်တွေကို ပယ်ဖျောက်ပြီး ငြိမ်းချမ်းရေးနဲ့ လက်နက်ကို အပြီးအပိုင်လဲလှယ်ခြင်းအားဖြင့် နိုင်ငံတော်အပေါ်မှာ၊ တိုင်းရင်းသားပြည်သူလူထုအပေါ်မှာ စောင့်ရှောက်ပြီး အလုပ်အကျွေးပြုသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုလို ကျွန်တော်တို့အနေနှင့် ငြိမ်းချမ်းရေးကို ခြွင်းချက်မရှိ လက်နက်နှင့် လဲလှယ်ခဲ့တဲ့အပေါ် သဘောထားကြီးစွာဖြင့် စေတနာမှန်ကန်စွာနှင့် ခွင့်လွှတ်လက်ခံပေးပါသော နိုင်ငံတော်အစိုးရ တပ်မတော်အစိုးရအားလည်းကောင်း၊ တစ်ချိန်က မှားယွင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ လုပ်ရပ်များအပေါ် နားလည်ခွင့်လွှတ်စွာဖြင့် နွေးနွေးထွေးထွေးကြိုဆို လက်ခံကြသော နယ်မြေခံ တိုင်းရင်းသားပြည်သူလူထုအားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ကျေးဇူးတင်ပါတယ်ခင်ဗျား။ ။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ကြသည့် SSNA တပ်မဟာ (၁၁)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ဆီ၊ဝတ်စုံ၊ကျွဲ၊နွားနှင့် ငွေကျပ် သိန်း ၂၀ ဂုဏ်ပြုထောက်ပံ့ပေးအပ်ရာ SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နက လက်ခံရယူစဉ်။ (သတင်းစဉ်)

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် SSNA တပ်မဟာ (၁၁)မှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် SSNA တပ်မဟာ (၁၁)နှင့် လက်အောက်ခံတပ်ရင်းများက အပ်နှံသောလက်နက်ကြီး လက်နက်ငယ်များ၊ လက်နက်ငယ်ကျည်များ၊ ဗုံးသီးများ၊ လက်ပစ်ဗုံးများ၊ မိုင်းများ၊ TNT ယမ်းတောင့်များ၊ ကျည်ကတ်များနှင့် အိုင်ကွန်စကားပြောစက်များကို တွေ့ရစဉ်။ (သတင်းစဉ်)



ရွှေကျင်မြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများဖွင့်

ရွှေကျင် ဧပြီ ၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေကျင်မြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရွှေကျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူတို့က လမ်းကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ ဈေးတွင်းလမ်းများမှာ အကျယ် ၁၄ပေ၊ အရှည်ပေ ၄၀၀ ရှိသော လမ်းမကြီးရှစ်လမ်း၊ အကျယ် ၁၀ပေ၊ အရှည်ပေ ၁၂၀ ရှိသော လမ်းသွယ် ၂၇လမ်း၊ အကျယ် ၁၀ပေ၊ အရှည်ပေ ၆၀ရှိသော လမ်းသွယ်ကိုးလမ်းတို့ဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် တစ်သိန်း၊ ဈေးသူဈေးသားများက ထည့်ဝင်ငွေကျပ် ၂၇၃သိန်း စုစုပေါင်း ကုန်ကျငွေကျပ် ၂၇၄သိန်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လဲချားမြို့နယ်တွင် သီရိဟံသာခန်းမဖွင့် ငွေကျပ် ၆၁သိန်းကျော် အကုန်အကျခံဆောင်ရွက်

လဲချား ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ဆောင်ရွက်ခဲ့သည့် သီရိဟံသာခန်းမ ဖွင့်ပွဲကို မတ်၂၆ရက် နံနက်က အဆိုပါခန်းမ၌ ကျင်းပရာ နယ်မြေခံ တပ်မှူးနှင့် အမှုဆောင်အရာရှိ ဦးဇော်ဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ခန်းမအား နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၆၁၁၃၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ကွင်းဆင်းစစ်ဆေး

မကွေးတိုင်း မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိစေရေးအတွက် ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရွာသာယာကျေးရွာတွင်နှစ်လက်မ အလျှူရှင်စက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို မတ်၅ရက်ကမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်း ကွင်းဆင်းစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ကလေး ဧပြီ ၆

စစ်ကိုင်းတိုင်းကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့ ပင်လုံရပ်ကွက် မြို့ပတ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက်က ကျင်းပသည်။

အဆိုပါ ပင်လုံရပ်ကွက် မြို့ပတ်လမ်းသည် အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ပေ ရှိပြီး စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြု ငွေကျပ် ၁၅သိန်း၊ ပြည်သူများ ထည့်ဝင်ငွေ ကျပ် ၄၅သိန်း စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း၆၀ဖြင့် မူလမြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

နမ့်စန်မြို့နယ် ထင်းရှူးမြိုင်– ဝမ်းကျောင်း ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

နမ့်စန် ဧပြီ ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ထင်းရှူးမြိုင်–ဝမ်းကျောင်းကျေးလက်လမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၉နာရီက အဆိုပါ မုခ်ဦးထိပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ် ၂၄သိန်းဖြင့် အရှည်ပေ ၁၈၀၀၊ အကျယ် ၁၀ ပေကို ဆောင်ရွက်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

လပွတ္တာမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် ရေရှည်တည်တံ့ရေး ဟောပြော၊ စာအုပ်လှူဒါန်း

လပွတ္တာ ဧပြီ ၆

လပွတ္တာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ရေတွင်းကုန်းကျေးရွာအုပ်စုရှိ ရွာများတွင် မတ် ၂၄ရက်က ဖွင့်ပွဲအခမ်းအနားများ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရည်နှင့် ကျေးရွာအဖွဲ့ဝင်(၁)ဦးကျော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ဆွေးနွေးဟောပြောပြီး စာအုပ်မျိုးစုံအုပ် ၅၀ ကို ပေးအပ်လှူဒါန်းသည်။

စာကြည့်တိုက်များဖွင့်

ဖွင့်လှစ်ခဲ့သော စာကြည့်တိုက်များမှာ ရေတွင်းကုန်းကျေးရွာတွင် ပညာ့အားမာန်၊ ခနုံးကျေးရွာတွင် ရွှေရတနာ၊ စလောင်းကျကျေးရွာတွင် ရွှေရောင်ခြည်၊ စိန်မှန်းကျေးရွာတွင် စိန်မေတ္တာ၊ ငါးဒန်တစ်ရာ ကျေးရွာတွင် ရွှေမြန်ပြည်နှင့် မြစ်တန်းကြီးကျေးရွာတွင် ရွှေသီရိစာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ်တွင် စာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုကက်ဆက်လှူဒါန်း

ကျောင်းကုန်း ဧပြီ ၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးထက်မြင့် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့် တိုက်ဖွင့်ပွဲ၊ ရုပ်မြင်သံကြားနှင့်ရေဒီယိုကက်ဆက် လှူဒါန်းပွဲ၊ နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲကို မတ် ၂၇ ရက်က ကျောင်းကုန်းမြို့နယ်၊ ချောင်းကြီးကျေးရွာ ရှမ်းရွာတွင် ကျင်းပရာ စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးဝင်းတင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းတင်က စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားတစ်လုံးနှင့် ရေဒီယိုကက်ဆက် တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျောက်တံခါးမြို့နယ် စုဋ္ဌဘွဲ့နှင်းသဘင်ကျင်းပ အောင်လက်မှတ်နှင့် နဝကမ္မဝတ္ထုငွေများဆက်ကပ်

ကျောက်တံခါး ဧပြီ ၉

ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီ ၆ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ခန်းမ၌ကျင်းပရာ စာအောင်သံဃာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်ပြည်သူများနှင့် ယောဂီဝတ်အသင်းများ တက်ရောက် ပူဇော်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးကောသလ္လထံမှ ညွှံ့ပရိသတ်များက ငါးပါးသီလခံယူကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် စာအောင်သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက အောင်လက်မှတ်နှင့် နဝကမ္မဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ညောင်ဦးခရိုင်၌ ကျင်းပ

ညောင်ဦး ဧပြီ ၅

ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီး၏ အစည်းအဝေးခန်းမတွင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့နှင့် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာ ကျော်မြင့်၏ သဝဏ်လွှာကို ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ မောင်မောင်မြင့်က ဖတ်ကြားပြီး **(ယာပုံ)** ခရိုင်ကျန်းမာရေး ဦးစီးဌာနလက်အောက်ရှိ တီဘီရောဂါ တိုက်ဖျက်ရေးအတွက် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ကြသော ဝန်ထမ်းများကို ဆုများချီးမြှင့်သည်။ တီဘီရောဂါ ဝေဒနာရှင်များအား ရောဂါပျောက်သည်အထိ ဆေးဝါးကုသပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးပေးခြင်းများကိုဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၃၀၀)**

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် စာသင်ကျောင်းဆောင်အမှတ်(၂) ဆောက်လုပ်ရန်ငွေလှူဒါန်း

ဖျာပုံ ဧပြီ ၁၃

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း အသစ်တည်ဆောက်မည့် မဏိရတနာစာသင်ကျောင်းဆောင် အမှတ်(၂) အဆောက်အအုံ ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို ဧပြီ ၉ရက် နံနက်က မဏိရတနာ စာသင်ဆောင်အမှတ်(၁)တွင် ကျင်းပသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ် – ဒေါ်ဌေးဌေးသန်း၊ ဦးသောင်းလှ–ဒေါ်တင်ရွှေ၊ ကိုအေးထွန်း–မချောစု၊ ဦးထွန်းထွန်းထွေး–ဒေါ်လှလှမွန်၊ ဒေါ်စောရီ (သမီး) မပွင့်ပွင့်သန်း၊ ဦးခင်မောင်–ဒေါ်လှကျင်၊ ဒေါ်တင်ငြိမ်း၊ ဒေါ်ညွန့်ရီ၊ ကိုနိုင်ထူး–မနီနီယဉ်၊ ဦးညိုအေး–ဒေါ်မြအေး၊ ဦးကျင်သိန်း–ဒေါ်မြင့်မြင့်သိန်း၊ ဦးအောင်ဝင်း–ဒေါ်တင်တင်ဝင်း၊ ဦးစစ်ကြိုင်–ဒေါ်ခင်လှထွေး၊ ကိုလှိုင်ဦး–မရီစန်း၊ ဦးအောင်ကြည်–ဒေါ်ခင်ပြုံး၊ ဦးညွန့်မြိုင်–ဒေါ်ခင်ကြည်၊ ဦးထွန်းထွန်းနိုင်–ဒေါ်စန်းညွန့်၊ ဦးညွန့်မောင်–ဒေါ်ကျင်ခင်၊ ဦးကျော်ခဲအားရည်စူး၍ ဒေါ်ရှုဖွန် မိသားစု၊ ဒေါ်ညွန့်ကျင် ရန်ကုန် ကုန်စုံဆိုင်၊ ဖျာပုံတံတားစီမံကိန်း ဝန်ထမ်းများ၊ ဒေါ်မြင့်မြင့် (သား) ကိုဝေမြင့်–မသန်းသန်းနွဲ့ ဖျာပုံ မိသားစုတို့နှင့် ရန်ကုန်မြို့မှ ဦးအောင်ဇော်မြင့်–ဒေါက်တာမြတ် မြတ်အုန်းခင်နှင့် ဒုတိယဗိုလ်မှူးကြီး တင်မောင်ထွန်း – ဒေါ်ကျင်အေး မိသားစုတို့က ကျပ်ငါးသိန်းစီ ပေးအပ် လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းနိုင်

မဏိရတနာ စာသင်ဆောင်အမှတ်(၂) အတွက် လှူဒါန်းလိုပါက ဖျာပုံမြို့ ထန်းပင်ကျောင်း စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ ဝေပုလ္လနှင့်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၅၈)**

မလှိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး အဖွဲ့ဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များပေးအပ်

မလှိုင် ဧပြီ ၅

မလှိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်ကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီလွင်က အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်ခင်လှသိန်းက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာအေးအေးသန့်က ကျန်းမာရေးပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီလွင်က တက်ရောက်လာကြသော ကျေးရွာအုပ်စု ၅၆အုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများသို့ အဖွဲ့ဝင်ကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များကို ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** (၄၁၉)

ကျောက်မဲမြို့နယ် အောင်မြေသာယာစံပြကျေးရွာတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ရာသက်ပန်အသင်းဝင် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မတ်၆ရက်ကကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရင်၏ဇနီး ဒေါ်အေးဟန်သို့ ရာသက်ပန်အသင်းဝင် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ စာရေးဝန်ထမ်းအဆင့်(၁)နှင့် အထက်ဝန်ထမ်းများ အရည်အချင်းပြည့်မီစေရန် အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမြင့်တို့ ကြီးကြပ်၍ ကွန်ပျူတာသင်တန်းနှင့် ရုံးလုပ်ငန်းသင်တန်းကို မတ် ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် သင်တန်းပို့ချစဉ်။ (၃၄၇)

မြန်မာ့ယဉ်ကျေးမှုသကြၤန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြၤန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ – ထောင်တစ်နှစ်

၂။ ကစားသူ – ထောင်သုံးနှစ်

၃။ ထုတ်လုပ်ရောင်းချသူ – ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသကြၤန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှု များကို မပြုလုပ်ရန်။

မဟာသကြၤန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ကျိုင်းတောင်းမြို့ ချယ်ရီလမ်းကိုယ့်အားကိုယ်ကိုး ဖြန်းကျောက်ခင်း

ကျိုင်းတောင်း ဧပြီ ၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတောင်းမြို့ ချယ်ရီလမ်းကိုယ့်အားကိုယ်ကိုး ဖြန်းကျောက်ခင်းလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဆန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ၈၀၀၊ အကျယ် ၁၂ပေရှိ ဖြန်းကျောက်ခင်း လမ်းဖြစ်ပြီး လမ်းနေပြည်သူများက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မကွေးတိုင်း ပေါက်မြို့ မြို့ပတ် မြေသားလမ်းကို စက်ယန္တရားများဖြင့် ပြုပြင်ဖောက်လုပ်နေမှုကို မတ်၂၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးထွန်းစိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မောင်တောမြို့ ပြားသားကျေးရွာ ကျောက်ချောလမ်းဖွင့်

မောင်တော ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြားသားကျေးရွာ လမ်းအပိုင်း(၂) အမာခံကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ မတ် ၁၀ရက်က လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ လမ်းမုခ်ဦး၌ကျင်းပရာ မောင်တောခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးလှဖော်ဇံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းကို ငွေကျပ် ၂၃သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပခုက္ကူမြို့နယ်တွင် ဘဝအလင်းရောင်စာကြည့်တိုက်ဖွင့်

ပခုက္ကူ ဧပြီ ၆

ပခုက္ကူမြို့နယ် ညောင်ပင်လှကျေးရွာအုပ်စု မန်ကျည်းစုကျေးရွာ ကိုယ့်အားကိုယ်ကိုး ဘဝအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို မတ်၁၆ရက် နံနက်က အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ပေးအပ်

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ပေးပို့သော စာအုပ်မျိုးစုံ အုပ်၅၀ကို ကျေးရွာစာကြည့်တိုက်တာဝန်ခံအား ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်ဖွင့်လှစ်

အလားတူ ညောင်ပင်လှ ကျေးရွာအုပ်စုအတွင်းရှိ ဥယျာဉ်မြောက်စု ကျေးရွာတွင် ရောင်နီသစ်စာကြည့်တိုက်နှင့် ကြတ်ထိုးကျေးရွာအုပ်စု အနောက်ကုန်းရွာတွင် ရွှေသာသနာစာကြည့်တိုက်များကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သုတဘဏ် စာကြည့်တိုက်ဖွင့်

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်မော်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးငွေးဝင်းနှင့် စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီ ဦးဆောင်နာယက ဦးလှရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်လှိုင်က စာကြည့်တိုက်လုပ်ငန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ သထုံ၌ကျင်းပ

သထုံ ဧပြီ ၅

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက်က သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမျိုးဝင်းက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တီဘီရောဂါသည်များအား ထူးချွန်စွာ ဆေးတိုက်ကျွေးသူ ပထမ၊ ဒုတိယ၊ တတိယဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

ဆောင်ရွက်

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ် လှုပ်ရှားမှုအနေနှင့် သထုံမြို့ပေါ်နှင့် ကျေးရွာများတွင် ကျန်းမာရေး ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ တီဘီရောဂါရှင်များ၏ မိသားစုများအား ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပြည်မြို့နယ် ပုပ္ပားကျေးရွာတွင် ဘဝအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက်က ကျင်းပရာ ရဲသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးဝင်းခိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

သက်ဆိုင်သူများ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ အမှတ်(၂)ရပ်ကွက်အပိုင်ရှိ ကွင်းအမှတ်(၃၆)နှင့် ကွင်းအမည်တာယော်၊ ဦးပိုင်အမှတ်(၁၀၂ᵃ)၊ ဧရိယာ(၀ဒသမ၀၃၃)ဧကရှိ ပထမအမျိုးအစား ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်ထားသော နှစ်ထပ်အိမ်အပါအဝင်မှာ မြေစာရင်းဦးစီးဌာနရှိ မြေစာရင်းပုံစံ (၁၀၅)(၁၀၆) တွင် ဦးဇော်လေးနိုင်၊ ဒေါ်နန်းခေမားဟူ၍ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ယခုအခါ ထိုမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အထက်ပါ အမည်ပေါက်ပိုင်သူတို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အပိုင်ရောင်းဝယ်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်သူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာစာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်မာစွာဖြင့် ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်သည့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ–

စိန်ဂျွန်း–ခင်မောင်သန်း
LL.B,
DBL,DML,DIL
တရားရုံးချုပ်ရှေ့နေ
အမှတ်(၂၄၀)၊၄–ထပ်(ဝဲ)၊ လမ်း–၄၀
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၇၀၀၆၅၄။

တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်

တောင်ငူမြို့၏ ကျက်သရေဆောင် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၆၇ခုနှစ် ကဆုန်လဆန်း ၈ရက်နေ့မှ ကဆုန်လဆုတ် ၇ရက်နေ့အထိ (၁၅–၅–၂၀၀၅ရက်မှ ၂၉–၅–၂၀၀၅ရက်)အထိ ၁၅ရက်တိုင်တိုင် ဇာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါမည်။

ပွဲတော်ရက်အတွင်း ရုပ်ရှင်၊ ဆပ်ကပ်၊ မျက်လှည့်၊ ဗီဒီယို၊ ရုပ်သေး၊ တေးသရုပ်ဖော်နှင့် ပျော်ပွဲရွှင်ပွဲများ ရုံသွင်းကပြရန် မြေနေရာများနှင့် ဈေးဆိုင်ခန်းများကို ၁၈–၄–၂၀၀၅ရက်မှ ၃၀–၄–၂၀၀၅ရက်အထိ လူဟောင်းများအား ဦးစားပေးရောင်းချပါမည်။ ကျန်မြေနေရာများနှင့် ဆိုင်ခန်းများကို လူသစ်များအား ၁–၅–၂၀၀၅ရက်နေ့မှ စတင်၍ ရောင်းချပါမည်။

ပွဲတော်ကျင်းပရေးဦးစီးကော်မတီ
ရွှေဆံတော်စေတီတော်မြတ်ကြီး
တောင်ငူမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဆ/၄၄၄၂ ယာဉ် လက်ဝယ်ရှိသူက ယာဉ်ပိုင်ဆိုင်မှုအတွက်(ကမ–၃) ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက် လိုသူများသည်၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(တောင်ငူ)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၉၅ လက်ဝယ်ရှိသူက ယာဉ်ပိုင်ဆိုင်မှုအတွက်(ကမ–၃)မိတ္တူ ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လို သူများသည် ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(တောင်ငူ)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

အမည်ပြောင်း

အဖ ဦးတင်ဦး၏ သမီး မငြိမ်းငြိမ်းတင်ဦး ၉/မထလ(နိုင်)၂၀၄၂၁၈ အား မခင်သပြေဟု ပြောင်းလဲခေါ်ပါရန်။

မခင်သပြေ။

ကန့်ကွက်နိုင်ပါသည် မော်တော်ဆိုင်ကယ်အမှတ် ယ/၄၄၁၀၉ နှင့် ယာဉ်အမှတ် ပသ/၂၃၇၂၃ တို့က(ကမ–၃) မိတ္တူပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး (ဟသ်ာတ)သို့ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ဟသ်ာတ)။**

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း စုစုရဲ့ခင်ပွန်း ကိုဇော်မင်း(ခ)ကိုရုလူ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Alliance Francaise မှ သူငယ်ချင်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ သန်းထွန်းအောင်
(ပြည်နယ်အရိုးအထူးကုဆရာဝန်ကြီး၊ လားရှိုးမြို့) အသက် (၄၆)နှစ်

အစားထိုးမရနိုင်တဲ့ လုပ်ဖော်ကိုင်ဖက် ညီရင်းပမာခင်မင်သော သူငယ်ချင်း မမျှော်လင့်ဘဲ ခွဲခွာသွားတဲ့အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာလှဝင်းနှင့် မိသားစု(ပြည်နယ်အရိုးအထူးကုဆရာဝန်ကြီး၊ စဝ်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့။)



အမှတ်၃၅ ၄လွှာ ကျောင်းလမ်း အလုံမြို့နယ်နေ ကွယ်လွန်သူ ဦးသန်း–ဒေါ်အမာအား ရည်စူး၍ ဦးဌေးလွင်–ဒေါ်မြိုင်မိသားစုတို့က မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်း နာယက ဦးရဲမြင့်(ချမ်းသာစာပေ)သို့ ဧပြီ ၃ရက်က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဆင်း

မိုင်းဖြတ် ဧပြီ ၈

မိုင်းဖြတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အမှုဆောင်စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဆင်းပွဲ အခမ်းအနားကို ဧပြီ၄ရက် နံနက်၉နာရီက အဆိုပါ အသင်းရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဦးနိုင်ဝင်းဇော် အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်ကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူများကို မြို့နယ်အသင်းနာယက ဦးနိုင်ဝင်းဇော်ကလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို ခရိုင်အသင်းအတွင်းရေးမှူး ဦးထွန်းရွှေကလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းရီတစ်က ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သင်တန်းပို့ချ

မတ် ၁၇ရက်က မင်းဘူးမြို့နယ်တွင် စက်ရေတွင်းများ ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးသင်တန်း၌ အမှုဆောင်အရာရှိ ဦးမြင့်လွင်ပို့ချစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့၏ ပတ်ဝန်းကျင် သဘာဝသာယာလှပမှု ရှုခင်းများကြည့်ရှု

ဧပြီ ၁၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေရှုခင်းသာစခန်းမှ စစ်တွေမြို့၏ ပတ်ဝန်းကျင် သဘာဝသာယာလှပမှု ရှုခင်းများကို ကြည့်ရှုစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့ကြသည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)ဦးကန်နဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့်အခမ်းအနားကျင်းပ

သတင်းအကျယ် စာ - ၈၊ ၉၊ ၁၂ နှင့် ၁၄

❑ နိုင်ငံတော်ကကျင်းပနေတဲ့ အမျိုးသားညီလာခံက ရေးဆွဲနေတဲ့အခြေခံမူများဟာလည်း တစ်ချိန်က ကျွန်တော်တို့ လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကွာဟမှုအနည်းဆုံးအခွင့်အရေးရရှိကြမှာဖြစ်တဲ့အတွက် နိုင်ငံအစိုးရရဲ့ လုပ်ရပ်တွေအပေါ် သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာခဲ့ပြီးဖြစ်ပါတယ်။

SSNA တပ်မဟာ(၁၁)တပ်မဟာမှူး ဦးကန်နန

❑ ယနေ့အချိန်အခါဟာ စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီစနစ်ကိုကျင့်သုံးရန်အတွက် နိုင်ငံသားအားလုံးက လိုလားတောင့်တနေတဲ့အချိန်အခါဖြစ်ပါတယ်။ ဦးကန်နခေါင်းဆောင်တဲ့ ကျွန်တော်တို့အနေနဲ့ ယခုလို ဦးဦးဖျားဖျား လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်နိုင်ခြင်းအတွက် ဂုဏ်ယူမိပါတယ်။

SSNA တပ်မဟာ(၁၁)တပ်ရင်း(၂၇)မှ တပ်ရင်းမှူးဦးပွမ်ဝမ်း

❑ ငြိမ်းချမ်းရေးရရှိပြီးဖြစ်လို့ အဟန့်အတားအနှောင့်အယှက်များမရှိတော့ဘဲ စည်းလုံးညီညွတ်မှုများနဲ့အတူ နေ့ချင်းညချင်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ပါတယ်။

ဒေသခံတိုင်းရင်းသူဝန်ထမ်း ဒေါက်တာဖြူဖြူ